# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၂၁၀)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

# လှိုင်သာယာမြို့နယ်အပါအဝင် ရန်ကုန်မြို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေး




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့်ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးထိန်လင်းနှင့် ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် အပါအဝင် ရန်ကုန်မြို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

❖ **ရေမြောင်းများဖောက်လုပ်ရာတွင် ရေစီးဆင်းမှုများ အဆင်ပြေစေရန်အတွက် စနစ်တကျဆောက်လုပ်ရန်လို၊ ရေစီးရေလာများကောင်းမွန်မှသာ အနံ့အသက်ဆိုးများ ထွက်ရှိမှုလျော့နည်းသွားမည်ဖြစ်ပြီး ကျန်းမာရေးနှင့်ကိုက်ညီကာ သန့်ရှင်းသာယာသည့် ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် မိုးရာသီသို့ မရောက်ရှိမီ အချိန်မီပြင်ဆင်ဆောင်ရွက်သွားရန်လို**

## ယနေ့ ဖတ်စရာ


**ငြိမ်းချမ်းရေးအသံ မှန်မှန်ကန်ကန် ရှုမြင်ရန်**

ဆောင်းပါး ➢ စာ-၆

**ရွှေစိမ်းလို့တင်စား မြန်မာ့ဝါး**

ဆောင်းပါး ➢ စာ-၁၀

**ဆင်းရဲခြင်းမှ လွတ်ကင်းစေလိုလျှင် ...**

ဆောင်းပါး ➢ စာ-၁၆

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးမြောက်**

ပြည်တွင်းသတင်း ➢ စာ-၇

**ကနေဒါမှ အမေရိကန်သို့ လေကြောင်းခရီး သွားလာမှု ၁၄ လ ဆက်တိုက်ကျဆင်း**

နိုင်ငံတကာသတင်း ➢ စာ-၁၄




# မြို့ပြလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျတွက်ချက်ဆောင်ရွက်သွားကြရန်လိုပြီး အများပြည်သူများ အပန်းဖြေသည့် ပန်းခြံများ၊ ဥယျာဉ်များနှင့် အားကစားကွင်းများ တည်ဆောက်ရာတွင် မြို့ပြတွင်နေထိုင်သည့် လူဦးရေအပေါ်တွင် မူတည်တွက်ချက်၍ တည်ဆောက်သွားရန်လို




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား လှိုင်သာယာမြို့နယ် ဘုရင့်နောင်ပန်းခြံ ရှင်းလင်းဆောင်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်မြို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။

◆ **ရန်ကုန်မြို့အတွင်း လျှပ်စစ်ကြိုးများနှင့် ဆက်သွယ်ရေးကြိုးများ စနစ်တကျဖြစ်စေရေးနှင့် အန္တရာယ်ကင်းရှင်းမှုရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန်လို**

◆ **ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့ပြဖွံ့ဖြိုးသာယာလှပရေးအတွက်ပါ စနစ်တကျတွက်ချက် ဆောက်လုပ်သွားရန်လို၊ လမ်းများ တိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူသွားလမ်းပလက်ဖောင်းများ စနစ်တကျထည့်သွင်းတည်ဆောက်သွားရန်နှင့် ရေနုတ်မြောင်းများကိုလည်း စနစ်တကျထည့်သွင်းဖောက်လုပ်သွားရန်လို**

◆ **ရန်ကုန်မြို့အတွင်း ယာဉ်သွားလာမှုများ ပိုမိုလွယ်ကူလျင်မြန်စွာဖြင့် သွားလာနိုင်ရေး လမ်းများ တိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်သွားရန်နှင့် ယာဉ်များစနစ်တကျသွားလာနိုင်ရေး လမ်းညွှန်အမှတ်အသားများအား သတ်မှတ်ချက်များနှင့်အညီ ထည့်သွင်းတည်ဆောက်သွားရန်လို**

❐ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ဘုရင့်နောင်ပန်းခြံသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်ခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတော်အကြီးအကဲ လှိုင်သာယာမြို့နယ်သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အနော်ရထာစက်မှုဇုန်အတွင်း ရောဝတီလမ်းတစ်လျှောက် ဆက်သွယ်ရေးကြိုးများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားရှိမှု၊ ရန်ကုန်-ပုသိမ် လမ်းမကြီးဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ကွင်းဆင်းစစ်ဆေးတိုင်းတာမှုများပြုလုပ်ပြီး ဇလားပုံရေမြောင်းများ ဖောက်လုပ်လျက်ရှိမှု အခြေအနေများ၊ လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားလမ်း ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုနှင့် လှိုင်မြစ်ထွက်ပေါက် ရေတံခါးများဆောက်လုပ်ထားရှိမှု၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ညောင်တုန်းလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု၊ လမ်းမကြီးများ တိုးချဲ့ရာတွင် ရွှေ့ပြောင်းရန် လိုအပ်သည့် လျှပ်စစ်မီးတိုင်များနှင့် ဆက်သွယ်ရေးတိုင်များအား ရွှေ့ပြောင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းဘေးဝဲယာများတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့ပြအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက် လမ်းများတိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်သွားမည့်အခြေအနေများ၊ RC Box Culvert များတည်ဆောက်ထားရှိမှု၊ တံတားများ တိုးချဲ့တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**လျှပ်စစ်အန္တရာယ်**
**ကင်းရှင်းရေးဆောင်ရွက်**

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ရန်ကုန်မြို့အတွင်း လျှပ်စစ်ကြိုးများနှင့် ဆက်သွယ်ရေးကြိုးများ စနစ်တကျဖြစ်စေရေးနှင့် အန္တရာယ်ကင်းရှင်းမှုရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းမကြီးများတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် စနစ်တကျတွက်ချက်ပြီး ဆောင်ရွက်သွားရန်လိုသကဲ့သို့ ရပ်ကွက်များအတွင်း၌လည်း ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်သွားရန် လိုကြောင်း၊ ရေမြောင်းများဖောက်လုပ်ရာတွင်လည်း ရေစီးဆင်းမှုများ အဆင်ပြေစေရန်အတွက် စနစ်တကျ ဆောက်လုပ်ရန်လိုကြောင်း၊ ရေစီးရေလာများ ကောင်းမွန်မှသာ အနံ့အသက်ဆိုးများထွက်ရှိမှုလျော့နည်းသွားမည်ဖြစ်ပြီး ကျန်းမာရေးနှင့်ကိုက်ညီကာ သန့်ရှင်းသာယာသည့် ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် မိုးရာသီသို့ မရောက်ရှိမီ အချိန်မီပြင်ဆင်ဆောင်ရွက်သွားရန် လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ရေမြောင်းများ ပိတ်ဆို့မှု မရှိစေရေးအတွက် ရေဆိုးထုတ်စနစ်များ ကောင်းမွန်အောင် စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် အမှိုက်စွန့်ပစ်သည့်စနစ်များကို စနစ်တကျဖြင့် အဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့ပြဖွံ့ဖြိုး သာယာလှပရေးအတွက်ပါ စနစ်တကျတွက်ချက်ဆောက်လုပ်သွားရန်လိုကြောင်း၊ လမ်းများ တိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူသွားလမ်း ပလက်ဖောင်းများ စနစ်တကျ ထည့်သွင်းတည်ဆောက်သွားရန်နှင့် ရေနုတ်မြောင်းများကိုလည်း စနစ်တကျထည့်သွင်း ဖောက်လုပ်သွားရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ယာဉ်သွားလာမှုများ ပိုမိုလွယ်ကူလျင်မြန်စွာဖြင့် သွားလာနိုင်ရေး လမ်းများ တိုးချဲ့အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်သွားရန်နှင့် ယာဉ်များစနစ်တကျသွားလာနိုင်ရေး လမ်းညွှန်အမှတ်အသားများအား သတ်မှတ်ချက်များနှင့်အညီ ထည့်သွင်းတည်ဆောက်သွားရန် လိုကြောင်း။

**ရေစီးရေလာကောင်းမွန်စေရေး**
**သုတေသနပြုဆောင်ရွက်**

လှိုင်သာယာမြို့နယ် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာများကောင်းမွန်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ အတိုင်းအတာတစ်ခုအထိ တိုးတက်ကောင်းမွန်လာပြီ ဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ်၏ မြို့ပြစနစ်အား စနစ်တကျဖြစ်စေရေး Town Plan ကိုစနစ်တကျ တွက်ချက်ရေးဆွဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ပြများအသစ်တည်ဆောက်ရာ၌ Town Plan ရေးဆွဲရာတွင် လယ်ယာမြေများ ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ရေစီးရေလာ ကောင်းမွန်စေရေး သက်ဆိုင်ရာ အင်ဂျင်နီယာဌာနများမှ တာဝန်ရှိသူများအနေဖြင့် ကွင်းဆင်း သုတေသနပြု၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သတ်မှတ်ထားသည့် စည်းကမ်းများအား လိုက်နာမှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ပြလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျတွက်ချက်ဆောင်ရွက်သွားကြရန်လိုပြီး အများပြည်သူများ အပန်းဖြေသည့် ပန်းခြံများ၊ ဥယျာဉ်များနှင့် အားကစားကွင်းများ တည်ဆောက်ရာတွင် မြို့ပြတွင်နေထိုင်သည့် လူဦးရေအပေါ်တွင် မူတည်တွက်ချက်၍

*စာမျက်နှာ ၄ သို့*





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်း လမ်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းအင်္ဂါရပ်နှင့်အညီဖြစ်စေရေး ဆောင်ရွက်ထားရှိမှု လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*
တည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-ပုသိမ်လမ်းမကြီးဘေးရှိ ရေနုတ်မြောင်းနှင့် ပလက်ဖောင်းအကြား၌ အရိပ်ရပင်များ စိုက်ပျိုးသွားရန်၊ ရေစီးရေလာကောင်းမွန်စေရေး စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်း၊ ညောင်တုန်းလမ်း၊ တပင်ရွှေထီးလမ်း၊ ကနောင်မင်းသားကြီးလမ်း၊ ခရေပင်လမ်းတစ်လျှောက် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းအင်္ဂါရပ်နှင့်အညီဖြစ်စေရေးဆောင်ရွက်ထားရှိမှု၊ ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းတစ်လျှောက် ရေနုတ်မြောင်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ လမ်းနှင့်မလွတ်ကင်းသည့် ဓာတ်အားတိုင်များအားရွှေ့ပြောင်းဆောင်ရွက်ထားရှိမှုနှင့် လမ်းများ အဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မင်္ဂလာဒုံမြို့နယ် လော်ကားလမ်း၊ ပြည်လမ်း၊ နွယ်ခွေလမ်းမှတစ်ဆင့် အမှတ်(၃) လမ်းမကြီး မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းတစ်လျှောက် လမ်းနယ်အတွင်း ကျူးကျော်ရောက်ရှိနေသည့် အခိုင်အမာအဖီအဆွယ် ဈေးဆိုင်ခန်းများအား စနစ်တကျဖြစ်စေရေးနှင့် လမ်းနယ်နိမိတ် ပြင်ပသို့ ပြန်လည်ရွှေ့ပြောင်းပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မော်တော်ကားလမ်းများ လမ်းနယ်နိမိတ် စနစ်တကျဖြစ်စေရေး၊ လမ်းအင်္ဂါရပ်နှင့်အညီဖြစ်စေရေးနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❐ **လှိုင်သာယာမြို့နယ် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာများ ကောင်းမွန်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ အတိုင်းအတာတစ်ခုအထိ တိုးတက်ကောင်းမွန်လာပြီဖြစ်၊ လှိုင်သာယာမြို့နယ်၏ မြို့ပြစနစ်အား စနစ်တကျဖြစ်စေရေး Town Plan ကို စနစ်တကျ တွက်ချက်ရေးဆွဲ ဆောင်ရွက်သွားရန်လို၊ မြို့ပြများအသစ်တည်ဆောက်ရာ၌ Town Plan ရေးဆွဲရာတွင် လယ်ယာမြေများ ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ရန်လို၊ ရန်ကုန်မြို့အတွင်း ရေစီးရေလာကောင်းမွန်စေရေး သက်ဆိုင်ရာ အင်ဂျင်နီယာဌာနများမှ တာဝန်ရှိသူများအနေဖြင့် ကွင်းဆင်းသုတေသနပြု၍ ဆောင်ရွက်သွားရန်လို**

## ပြည်ကြီးတံခွန်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၂**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသား ပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် မန္တလာရာမကျောင်းတိုက်ရှိ ဓမ္မာရုံ၌ အခြေပြု၍ သံဃာတော်အပါး ၆၀ နှင့် ဒေသခံပြည်သူ ၁၄၉ ဦးတို့ကို သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ အဆစ်အမျက်ရောင် ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား / နှာခေါင်း / လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။




ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နေ့စဉ် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ**

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိပ်မင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

## ပြည်သူ့လိုလားချက်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ပြီး တိုက်ရိုက်ထိတွေ့ ဆောင်ရွက်




**ရန်ကုန် မေ ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီ ကျန်းကျန်းမာမာနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ စိတ်ချမ်းသာကိုယ်ကျန်းမာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းအရ အစိုးရသစ်တစ်ရပ် ထွက်ပေါ်လာပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် စသည့်မဏ္ဍိုင်သုံးရပ်ထွက်ပေါ်လာပါကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်ကို ကဏ္ဍအလိုက် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့ ဥပဒေပြုမဏ္ဍိုင်အနေဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများကို အေးအေးချမ်းချမ်း နေနိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်အောင် ကြိုးစားသွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ယူစဉ်ကာလအတွင်း လွှတ်တော်၏အခန်းကဏ္ဍ မြင့်မားတိုးတက်အောင် ဆောင်ရွက်သွားရန် အစီအမံများ ချမှတ်ထားပါကြောင်း။

နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပါတီ၊ ပြည်သူ ပူးပေါင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည်ပြည်သူများက ယုံယုံကြည်ကြည်ဖြင့် ဆန္ဒမဲပေးရွေးချယ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ကို ရွေးချယ်ပေးလိုက်သည့် ပြည်သူများ၏ ဆန္ဒနှင့်မျှော်လင့်ချက်များကို အထူးအလေးထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လွှတ်တော်၏ ရည်မှန်းချက်တာဝန် (၄) ရပ်ကို ဖော်ဆောင်ရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများကို ကိုယ်စားပြု၍ အဆင့်မြင့်မြင့်ဖော်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးလုပ်ငန်း တာဝန်များကို ဆောင်ရွက်သည့်အခါတွင် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများသည် ယနေ့ မျက်မှောက်အခြေအနေနှင့် ကိုက်ညီမှုရှိမရှိ၊ ထပ်မံဖြည့်စွက်ရန် လိုမလို၊ ဖျက်သိမ်းရန်နှင့် အသစ်ပြန်လည်ပြဋ္ဌာန်းရန် လိုမလို စသည်များကို သေချာစွာစိစစ်ဆောင်ရွက်သွားရမည် ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေရေးရာကိစ္စရပ်များကို နားလည်တတ်ကျွမ်းရန် လိုအပ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်တွင် ပကတိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်နှင့် တည်ဆဲဥပဒေများကို နှိုင်းယှဉ်သုံးသပ်ပြီး နိုင်ငံသူ နိုင်ငံသားများကို ဥပဒေအကာအကွယ်အောက်တွင် ထားရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုနှင့် အစိုးရကြား ပြည်သူများ၏ လိုလားချက်များကို ကြားခံတစ်ခုအဖြစ် ဆောင်ရွက်ပေးနေရမည့်သူများ ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်သူလူထုကြား ထဲထဲဝင်ဝင် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ပြည်သူ့လိုလားချက်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ပြီး တိုက်ရိုက်ထိတွေ့ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်၏ တာဝန်များကို ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်သည့် ကိုယ်စားလှယ်များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ကဏ္ဍအသီးသီးမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ပြည်သူလူထုများ နားလည်ပြီး ပူးပေါင်းပါဝင်လာအောင် လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း၊ ပြည်သူလူထု အကျပ်အတည်းဖြစ်စေသည့်ကိစ္စများကို နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း၍ ပြည်သူလူထု၏မျှော်မှန်းချက်၊ မျှော်လင့်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားနိုင်ရေးအတွက် စွမ်းရည်မြင့်မားသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံတကာလွှတ်တော်များ၊ အာဆီယံလွှတ်တော်များနှင့် နိုင်ငံတကာဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း လွှတ်တော်အဖွဲ့အစည်းများနှင့်ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရန် လိုပါကြောင်း၊ လွှတ်တော်သည် နိုင်ငံတော်က အားကိုးရသည့် ဥပဒေပြုရေးမဏ္ဍိုင်ကြီးတစ်ခုဖြစ်လာစေရေးနှင့်ပြည်သူလူထုကို အမှန်တကယ်အကျိုးပြုသည့် ပြည်သူလူထုအားကိုးရာ လွှတ်တော်တစ်ခုဖြစ်လာအောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပုလဲခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား တွေ့ဆုံသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၏ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး ခန်းမအား ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းနှင့် လှိုင်နယ်မြေအတွင်းရှိ သိပ္ပံပစ္စည်းအလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ရှိကျောင်းဝင်းအတွင်း အပန်းဖြေရိပ်သာ(Recreation Centre ) တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘွဲ့နှင်းသဘင်တည်ဆောက်ရန် လျာထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ မျိုးမင်းထွန်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ သီတာအောင်နှင့် အင်ဂျင်နီယာမှူးများက အဆောက်အအုံဆောက်လုပ်မည့်အခြေအနေကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ဝင်းအတွင်းရှိ ဘောလုံးကွင်း၊ အားကစားရုံနှင့် ကန်တင်းတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တက္ကသိုလ်များ လှိုင်နယ်မြေအတွင်းရှိ သိပ္ပံပစ္စည်းအလုပ်ရုံဌာနသို့ ရောက်ရှိရာ သိပ္ပံပစ္စည်းအလုပ်ရုံဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်စွာမင်းနှင့် စက်ရုံမှူးတို့က အလုပ်ရုံဌာနနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်ကြားရေးအတွက် ထုတ်လုပ်ထားသော funnel ပြခန်း၊ ကျောင်းများတွင် အသုံးပြုနိုင်ရန်သင်ထောက်ကူပစ္စည်းများ ထုတ်လုပ်သည့် အလုပ်ရုံအခန်းများဖြစ်သည့် Electronics section၊ Oxygen generator (လုပ်ငန်းသုံး)၊ Wood Finish Section၊ Optical Section၊ Glass Blowing Section၊ Foundry Section၊ Plastics Section၊ Moulds and Dies Section၊ Machine Shop Section တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငြိမ်းချမ်းရေးအသံ မှန်မှန်ကန်ကန် ရှုမြင်ရန်

မောင်ကမ္ဘာ

**❖ အမေရိကန်စာရေးဆရာကြီး ရစ်ချတ်ဘတ်ဝဲလ်က သူ့ရဲ့စာအုပ်ထဲမှာ လွတ်လပ်ရေးခေတ်ဦးကာလ ၁၉၄၈၊ ၁၉၄၉၊ ၁၉၅၀ ခုနှစ်တွေအတွင်းက လက်နက်ကိုင် ပဋိပက္ခတွေကြောင့် မြန်မာပြည်မှာ စိုက်ပျိုးနိုင်တဲ့မြေဧရိယာ ၃၅ ရာခိုင်နှုန်း ကောခဲ့ရတယ်။ လူဦးရေ သုံးသန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရတယ်။ အပြစ်မဲ့ပြည်သူ နှစ်သောင်းနှစ်ထောင်နဲ့ အစိုးရဘက်က စစ်ဘက်နယ်ဘက်အမှုထမ်းပေါင်း ငါးထောင့်ခုနစ်ရာ အသက်ဆုံးရှုံးခဲ့ကြရတယ်။ ပြည်သူပိုင်ပစ္စည်းတန်ဖိုး ဒေါ်လာ ငါးသန်းနဲ့ ပြည်သူများရဲ့ ကိုယ်ပိုင်အိုးအိမ်ပစ္စည်း တန်ဖိုးဒေါ်လာ ၉၅ သန်းဆုံးရှုံးခဲ့ရတယ်လို့ တွက်ချက်ဖော်ပြခဲ့ဖူးပါတယ်**

ဒီမိုကရေစီရင့်ကျက်မှုရှိတဲ့ နိုင်ငံကြီးတွေမှာ ရွေးကောက်ခံအစိုးရသစ်ရဲ့ ရက် ၁၀၀ ခရီးအစကို ပျားရည်ဆမ်းကာလ(Honey Moon Period)လို့ ဆိုကြတယ်။

အစိုးရသစ်ရဲ့ ပျားရည်ဆမ်းကာလမှာ အတိုက်အခံနိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးလောကသားတွေကလည်း ဒီမိုကရေစီယဉ်ကျေးမှုအရ ဝေဖန်သမှု မပြုကြဘဲ နှုတ်စောင့်စည်းလေ့ရှိကြတယ်။ ပြည်သူလူထုနဲ့ မီဒီယာတွေကလည်း အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့အတူ စောင့်ကြည့်လေ့လာအကဲဖြတ်လေ့ရှိကြတယ်။ ဒီမိုကရေစီယဉ်ကျေးမှုရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာကောင်းတစ်ရပ်လို့ပဲ ဆိုရမယ်။

မိမိတို့နိုင်ငံမှာလည်း ဒီမိုကရေစီစနစ်ရဲ့ သဘောသဘာဝနဲ့အညီ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ၎င်းဦးဆောင်တဲ့ ရွေးကောက်ခံအစိုးရသစ်ရဲ့ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမယ့် ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ဧပြီ ၂၀ ရက်က ကျင်းပခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှာ ပြောကြားခဲ့ပါတယ်။

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ ရွေးကောက်ခံအစိုးရသစ်ရဲ့ ရက်ပေါင်း ၁၀၀ လုပ်ငန်းအစီအစဉ်တွေထဲမှာ ငြိမ်းချမ်းရေးကိစ္စက ထိပ်တန်းဦးစားပေးကိစ္စတစ်ခုအဖြစ် ပါဝင်ခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီးက နိုင်ငံရေးစကားလုံးအသုံးအနှုန်းတွေမပါဘဲ ရင်ထဲက ခံစားချက်အတိုင်း ရိုးရိုးရှင်းရှင်းနဲ့ **“ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးကို လိုချင်ပါတယ်”**လို့ ပြောကြားခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ နိုင်ငံတော်သမ္မတက NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေရော NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့အဖွဲ့တွေပါ ရက်ပေါင်း ၁၀၀ အတွင်း ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ PDF တွေကိုလည်း ဒီကာလအတွင်းမှာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားတဲ့ ဆွေးနွေးပွဲတွေ ပြုလုပ်နိုင်ဖို့ လေးနက်စွာဖိတ်ခေါ်ကြောင်း ကြေညာချက်ကို ဧပြီ ၂၁ ရက် ရက်စွဲနဲ့ ထုတ်ပြန်ခဲ့ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုကော်မတီရဲ့ ငြိမ်းချမ်းရေး ဖိတ်ခေါ်ကြေညာချက်ထဲမှာ **“လေးနက်စွာ ဖိတ်ခေါ်အပ်ပါသည်”** ဆိုတဲ့ ဝိသေသလက္ခဏာတစ်ရပ် ထူးထူးခြားခြားပါဝင်နေတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးက Stakeholder တွေအနေနဲ့လည်း လက်ရှိရွေးကောက်ခံ နိုင်ငံတော်အစိုးရသစ်ရဲ့ လေးနက်စွာငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းမှုကို အလေးအနက်ထားပြီး မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ဖို့ လိုအပ်ပါတယ်။

လေးလေးနက်နက်၊ မှန်မှန်ကန်ကန်ရှုမြင်သုံးသပ်ဖို့ဆိုရာမှာ ကိုယ်ကျိုးစီးပွားအတွက် လက်နက်ကိုင်လမ်းစဉ်ကို မွေ့လျော်နေကြတဲ့ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရဲ့ ခေါင်းဆောင်အချို့ဟာ နိုင်ငံရေးအရဖြစ်ပေါ်လာတဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ဖို့ ရွေးကောက်ခံအစိုးရသစ်ရဲ့ စိတ်ရင်းစေတနာမှန်နဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအပေါ် အကောင်းမမြင်နိုင်သေးဘဲ မူလတရားသေဝါဒရပ်တည်ချက် ကိုသာ ဆုပ်ကိုင်ပြီး မဖြစ်နိုင်တဲ့တောင်းဆိုမှုတွေ တောင်းဆိုလျက်ရှိတာ တွေ့မြင်၊ ကြားသိနေရလို့ ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း မြန်မာနိုင်ငံငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးကို မလိုလားသူ ပြည်တွင်း ပြည်ပ အဖျက်အုပ်စုတွေဟာ ဒီမိုကရေစီအစိုးရသစ်ရဲ့ စိတ်ရင်းစေတနာမှန်နဲ့ ငြိမ်းချမ်းရေးအတွက် အလေးအနက်ထား ဖိတ်ခေါ်ကမ်းလှမ်းမှုကို ပျက်ပြားအောင် မဟုတ်မမှန် လုပ်ကြံဖန်တီးပြောဆိုလျက်ရှိပါတယ်။

ဝမ်းနည်းစရာကောင်းတာက လက်ရှိလက်နက်ကိုင်ပဋိပက္ခတွေ သက်ရောက်ရာ ဒေသအချို့က ဒေသခံတိုင်းရင်းသားပြည်သူတွေရဲ့ အခက်အခဲတွေ၊ ခံစားချက်တွေ၊ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ သဘောထားအမြင်တွေ၊ လိုလားချက်တွေ၊ မျှော်လင့်ချက်တွေ ဘာဆိုဘာသံမှ ကျွန်တော်တို့ မကြားရခြင်းဘဲ ဖြစ်ပါတယ်။

တကယ်တော့ ထာဝရငြိမ်းချမ်းရေးက ထွက်ပေါ်လာတဲ့ ရလဒ်ကောင်းတွေ၊ ငြိမ်းချမ်းရေး အသီးအပွင့်တွေဟာ အစိုးရ၊ တပ်မတော်တစ်ရပ်၊ အဖွဲ့အစည်းတစ်ရပ်အတွက် မဟုတ်ဘဲ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ဖြစ်တယ်ဆိုတာကို အလေးအနက် ဆင်ခြင်ကြဖို့လိုပါတယ်။

**ကုန်လွန်ခဲ့တဲ့ ငါးနှစ်တာကာလအတွင်း ဒေသအချို့မှာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင် ပဋိပက္ခတွေကြောင့် နိုင်ငံတော်နဲ့နိုင်ငံသားတို့ရဲ့ ဆုံးရှုံးနစ်နာမှုတွေကို တွက်ချက်ကြည့်မယ်ဆိုရင်တော့ အနမတဂ္ဂ မရေမတွက်နိုင်အောင်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသစ်ရဲ့ လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်မှုအပေါ် မလိုလားသူတွေ၊ ဖျက်လိုဖျက်ဆီးလုပ်နေကြသူတွေ အနေနဲ့ရော သတိပြုဆင်ခြင်မိကြပါရဲ့လား**

နိုင်ငံရေးဆိုတာ ဖြစ်နိုင်တန်ခြေရှိတာကို ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေး ရရှိဖို့အတွက်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ၊ ငြိမ်းချမ်းရေးစကားဝိုင်းမှာ တွေ့ကြ၊ ဆုံကြ၊ ပြောကြ၊ ဆိုကြ၊ ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြနဲ့ မတူတာတွေ ခဏဖယ်ပြီး တူတာတွေ ပေါင်းလုပ်ကြရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလ (၂၀၁၀-၂၀၁၅)မှာလည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော်နဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ ရက်ပေါင်း ၁၄၅၀ ခန့်၊ အစည်းအဝေး အကြိမ်ပေါင်း ၅၀၀၀ ခန့် ပြုလုပ်ခဲ့ပြီး တွေ့ကြ၊ ဆုံကြ၊ ပြောကြ၊ ဆိုကြ၊ ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြရင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့နဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့ နိုင်ငံတော်အစိုးရသစ်ရဲ့ လာမယ့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ငြိမ်းချမ်းရေးခရီးမှာ အနှောင့်အယှက်အတားအဆီးတွေဖြစ်တဲ့ ဒေသစွဲ၊ လူမျိုးစွဲ၊ ဂိုဏ်းဂဏအစွဲအလမ်းတွေ၊ အထင်မှား အမြင်မှား သံသယပွားမှုတွေ၊ နိုင်ငံရေး၊ စစ်ရေးအမြတ်ထုတ်လိုမှုဆိုတဲ့ မရိုးဖြောင့်မှုတွေကို ဖယ်ရှားပြီး နိုင်ငံတော်နဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေ အကျိုးစီးပွားကို ရှေးရှုကာ သတိသမ္ပဇဉ် ဉာဏ်နဲ့ယှဉ်ပြီး ဆွေးနွေးညှိနှိုင်းကြဖို့ တိုက်တွန်းလိုပါတယ်။

လွတ်လပ်ရေးရဲ့ ဖွားဖက်တော်အဖြစ် အတူယှဉ်တွဲပေါ်ပေါက်လာတဲ့ လက်နက်ကိုင် ပဋိပက္ခတွေဟာ နှစ်ပေါင်း ၈၀ နီးပါးရှိခဲ့ပါပြီ။ လက်နက်ကိုင်ပဋိပက္ခသက်ရောက်ရာ ဒေသအချို့က ဒေသခံတိုင်းရင်းသားပြည်သူတွေဟာ လွတ်လပ်ရေးရဲ့ အရသာကို တင်းပြည့်ကျပ်ပြည့် မခံစားကြရသေးဘူးလို့ဆိုရင် မမှားပါဘူး။

နိုင်ငံတော်သမ္မတကြီးကလည်း **“တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိရင် ဖွံ့ဖြိုးရေးကိစ္စဆိုတာ ဘာမှလုပ်လို့မရဘူး။ ငြိမ်းချမ်းရေးလုပ်မှသာ၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းက လုပ်လို့ရတယ်။ ရှေ့က တည်ဆောက်ရေးလုပ်ငန်း လုပ်သွား၊ နောက်က အဖျက်လုပ်ငန်းတွေပါလာလို့ ရှိရင် သမင်မွေးရင်း ကျားစားရင်းဆိုသလို ဖြစ်နေမှာပေါ့”**လို့ ဧပြီ ၂၀ ရက်ကကျင်းပခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှာ ပြောကြားခဲ့ပါတယ်။

သမိုင်းနဲ့ချီပြီး ကျွန်တော်တို့ ခပ်ဝေးဝေး ကြည့်စရာမလိုပါဘူး။ ၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေး အပြောင်းအလဲနောက်ပိုင်းမှာ တစ်ကျော့ပြန်ဖြစ်ပွားလာတဲ့ လက်နက်ကိုင် ပဋိပက္ခအတွင်း နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ပျက်စီးဆုံးရှုံးမှုတွေကို လေ့လာကြည့်ရင်ပဲ သိမြင်နိုင်ပါတယ်။

အမေရိကန်စာရေးဆရာကြီး ရစ်ချတ်ဘတ်ဝဲလ်က သူ့ရဲ့စာအုပ်ထဲမှာ လွတ်လပ်ရေးခေတ်ဦးကာလ ၁၉၄၈၊ ၁၉၄၉၊ ၁၉၅၀ ခုနှစ်တွေအတွင်းက လက်နက်ကိုင် ပဋိပက္ခတွေကြောင့် မြန်မာပြည်မှာ စိုက်ပျိုးနိုင်တဲ့ မြေဧရိယာ ၃၅ ရာခိုင်နှုန်း ကောခဲ့ရတယ်။ လူဦးရေ သုံးသန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရတယ်။ အပြစ်မဲ့ပြည်သူ နှစ်သောင်းနှစ်ထောင်နဲ့ အစိုးရဘက်က စစ်ဘက်နယ်ဘက် အမှုထမ်းပေါင်း ငါးထောင့်ခုနစ်ရာ အသက်ဆုံးရှုံးခဲ့ကြရတယ်။ ပြည်သူပိုင် ပစ္စည်းတန်ဖိုး ဒေါ်လာငါးသန်းနဲ့ ပြည်သူများရဲ့ ကိုယ်ပိုင်အိုးအိမ်ပစ္စည်း တန်ဖိုးဒေါ်လာ ၉၅ သန်း ဆုံးရှုံးခဲ့ရတယ်လို့ တွက်ချက်ဖော်ပြခဲ့ဖူးပါတယ်။

**ကုန်လွန်ခဲ့တဲ့ ငါးနှစ်တာကာလအတွင်း ဒေသအချို့မှာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နိုင်ငံတော်နဲ့နိုင်ငံသားတို့ရဲ့ဆုံးရှုံးနစ်နာမှုတွေကို တွက်ချက်ကြည့်မယ်ဆိုရင်တော့ အနမတဂ္ဂ မရေမတွက်နိုင်အောင်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသစ်ရဲ့ လက်ရှိငြိမ်းချမ်းရေး ဖော်ဆောင်မှုအပေါ် မလိုလားသူတွေ၊ ဖျက်လိုဖျက်ဆီးလုပ်နေကြသူတွေအနေနဲ့ရော သတိပြုဆင်ခြင်မိကြပါရဲ့လား။**

မြန်မာပြည်ဟာ ငြိမ်းချမ်းချိန်တိုင်ပါပြီ။ ပြည်သူအပေါင်းကလည်း ငြိမ်းချမ်းလိုနေကြပြီ။ မြန်မာ့ဓလေ့အတိုင်း ငြိမ်းငြိမ်းချမ်းချမ်း၊ အေးအေးချမ်းချမ်း ပျော်ရွှင်လိုကြတာကို ပြီးခဲ့တဲ့ မြန်မာသက္ကရာဇ် ၁၃၈၇-၁၃၈၈ မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်မှာ နိုင်ငံတစ်ဝန်းက ပြည်သူများအေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြတာကို ကြည့်တာနဲ့ သိမြင်နိုင်ပါတယ်။

နိုင်ငံတော်နဲ့တပ်မတော်ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို လက်ခံယုံကြည်လာတဲ့ KIA၊ AA၊ PLA အဖွဲ့များမှ အဖွဲ့ဝင်အချို့အပါအဝင် PDF အမည်ခံ အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင် အမျိုးသား ၄၇၀ နဲ့ အမျိုးသမီး ၄၇ ဦး စုစုပေါင်း ၅၁၇ ဦးတို့ဟာ လက်နက်ခဲယမ်းတွေနဲ့အတူ ဥပဒေဘောင်အတွင်းကို ထပ်မံဝင်ရောက်လာခဲ့ကြပါတယ်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူတွေကို ဧပြီ ၂၄ ရက်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရဲ့ စစ်ရေးပြကွင်းမှာ အခမ်းအနားနဲ့တကွ မိဘအုပ်ထိန်းသူတွေဆီ စနစ်တကျလွှဲပြောင်းအပ်နှံပေးခဲ့တာကို မြင်တွေ့ရတော့ အတော့်ကို ရင်ခုန်စိတ်လှုပ်ရှားမိတယ်။ လမ်းမှန်ကို ရွေးချယ်နိုင်ခဲ့တဲ့ သူတို့တွေကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ချီးကျူးဂုဏ်ပြုမိတယ်။ လမ်းမှားမှာ ဆက်ပျော်မွေ့နေသူတွေကိုလည်း နောင်တကြီးကြီးမရခင် အချိန်မီလမ်းမှန်မှာ လျှောက်လှမ်းလာနိုင်ပါစေလို့ ဆုတောင်းမိပါတယ်။

ဧပြီ ၂၆ ရက်မှာလည်း PNLO အဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၆၁ ဦးဟာ လက်နက်ခဲယမ်းတွေနဲ့အတူ ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်လာကြပါတယ်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူတွေကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမမှာ အခမ်းအနားနဲ့တကွ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံပေးခဲ့ပါတယ်။

လွတ်လပ်ရေးရဲ့ ဖွားဖက်တော်အဖြစ် အတူယှဉ်တွဲပေါ်ပေါက်လာပြီး ကမ္ဘာပေါ်မှာ အရှည်ကြာဆုံးလို့ဆိုရမယ့် လက်နက်ကိုင်ပဋိပက္ခ အပြီးတိုင်ချုပ်ငြိမ်းစေဖို့က လက်ရှိမျိုးဆက်တွေရဲ့သမိုင်းပေးတာဝန်တစ်ရပ်လို့ပဲ ဆိုရမှာဖြစ်ကြောင်းပါ။ ။

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးမြောက်

## ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ သင်္ဂါယနာအမေးအဖြေပြုလုပ်ခြင်း၊ သဝဏ်လွှာနှင့်စာတမ်းများဖတ်ကြားခြင်းတို့ကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့



**ရန်ကုန် မေ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနား တတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆဋ္ဌသင်္ဂါယနာတင် မဟာထေရ်မြတ်တို့အား ပူဇော်သောအားဖြင့် နိုင်ငံတော်ပြဝါဒါစရိယ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတေဇနိယ က သဘာပတိအဖြစ်ဆောင်ရွက်တော်မူပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရတို့က အဘိဓမ္မာပိဋကတ် သင်္ဂါယနာအမေးအဖြေပြုလုပ်၍ သံဃာတော် ၁၅ ပါးတို့က စုပေါင်းသံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်ပြဝါဒါစရိယ တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲပြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသက ပြဝါဒကထာမိန့်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက မေ ၁ ရက်နေ့ ဆဋ္ဌသင်္ဂါယနာတင်စာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သည့် စာတမ်းငါးစောင်အပေါ် စိစစ်သုံးသပ်လျှောက်ထားသည်။

ဆက်လက်၍ သဘာပတိဆရာတော်ကြီးများနှင့် စာတမ်းရှင်ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနား အမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာများ၊ လှူဖွယ်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ပြီးစီးအောင်မြင်မှုအတွက် ကျေးဇူးတင်စကားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် ထောပနာနှင့် ကြေညာစာတမ်းကို မိန့်ကြားတော်မူသည်။

ယင်းနောက် နိုင်ငံတော်ပြဝါဒါစရိယ သီတဂူဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားဆိုင်ရာ ပြဝါဒများကို မိန့်ကြားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ က ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ထေရ်ရှင်ဆရာတော်ကြီးများက ပြဝါဒကထာများ မိန့်ကြားခြင်း၊ သုံးရက်တိုင်တိုင် ဆဋ္ဌသင်္ဂါယနာတင်မဟာထေရ်မြတ်တို့အား ပူဇော်သောအားဖြင့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ သင်္ဂါယနာအမေးအဖြေပြုလုပ်ခြင်း၊ ပြည်တွင်းမှ စာသင်တိုက်ကြီးများ၊ ဗုဒ္ဓတက္ကသိုလ်များ၊ ပြည်ပနိုင်ငံအသီးသီးတို့မှ သဝဏ်လွှာများ ဖတ်ကြားခြင်းနှင့် သင်္ဂါယနာတင်နှင့် ထေရဝါဒဗုဒ္ဓသာသနာတော်ဆိုင်ရာစာတမ်းများ ဖတ်ကြားခြင်းတို့ဖြင့် အောင်မြင်စွာပြီးမြောက်ကြောင်း ပြဝါဒကထာမိန့်ကြားပြီး ရေစက်ချတရားချီးမြှင့်တော်မူသည်။

သင်္ဂါယနာကို သာသနာသက္ကရာဇ် (၁)ခုနှစ်တွင် ပထမအကြိမ်၊ သာသနာသက္ကရာဇ် (၁၀၀)ပြည့်နှစ်တွင် ဒုတိယအကြိမ်၊ သာသနာသက္ကရာဇ်(၂၃၅)ခုနှစ်တွင် တတိယအကြိမ်၊ သာသနာသက္ကရာဇ် (၄၅၀)ပြည့်နှစ်တွင် စတုတ္ထအကြိမ်၊ သာသနာသက္ကရာဇ်(၂၄၁၅)ခုတွင် ပဉ္စမအကြိမ်၊ သာသနာသက္ကရာဇ် (၂၄၉၈) ခုတွင် ဆဋ္ဌမအကြိမ် သင်္ဂါယနာတင်ခဲ့ပြီး ယခုအခါ နှစ်(၇၀)ပြည့်သည့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲအထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ဧပြီ ၃၀ ရက်မှစ၍ မေ ၂ ရက်အထိ သုံးရက်တိုင်တိုင် သာသနာတော် သန့်ရှင်း၊ တည်တံ့ပြန့်ပွားစေရေးအတွက် အားထုတ်ကြိုးပမ်းမှုတစ်ခုဖြစ်ပြီး သက်တော်ရှည်နိုင်ငံတော်ပြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ပိဋကတ်တော်ဆောင် ဆရာတော်ကြီးများ၊ ပိဋကတ်အကျော်အမော် ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင် ဆရာတော်သံဃာတော်အရှင်သူမြတ်များနှင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထေရဝါဒ ငါးနိုင်ငံမှ သံဃာတော်များ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဘူတန်နိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံတို့မှ သံဃရာဇာဆရာတော်ကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၂**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ညီလန်းချို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြဝတီ – ရန်ကုန် ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကုန်ပစ္စည်းစစ်ဆေးရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စခန်းတာဝန်ခံတို့က ကုန်ပစ္စည်း စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက နယ်မြေဒေသ လုံခြုံရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တာဝန်ကျဌာနဆိုင်ရာများအားလုံး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် တာဝန်ထမ်းဆောင်ရာတွင် အဂတိတရားကင်းရှင်းစွာဖြင့် ထမ်းဆောင်သွားကြရန် မှာကြားပြီးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တားဆီးဖမ်းဆီးပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ ပို့ကုန် / သွင်းကုန် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကုန်ပစ္စည်းများကို X – Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးနေမှု၊ ပို့ကုန် / သွင်းကုန်ပစ္စည်းများ ချိန်တွယ် စစ်ဆေးသည့်ကတ္တားများ တည်ဆောက်ပြီးစီးမှု တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

သတင်းစဉ်

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အခမ်းအနားသို့ ကြွရောက်လာကြသော ပြည်ပနိုင်ငံများမှ ဆရာတော်များအား ဖူးမြော်

**ရန်ကုန် မေ ၂**
သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ Novotel Hotel သို့ ရောက်ရှိကာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားသို့တက်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံ ၁၄ နိုင်ငံမှ ဆရာတော် အရှင်သူမြတ်များအား ဖူးမြော်၍ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ အဓိပတိ သောဋ္ဌသမရွှေကျင် သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာအရှင်ဉာဏိဿရ သီတဂူဆရာတော်ကြီးအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**(အပေါ်ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ပနိုင်ငံ ၁၄ နိုင်ငံမှ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်လျက်ရှိသည့် ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ သီရိလင်္ကာ၊ နီပေါ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ အမေရိကန်၊ မက္ကဆီကို၊ ကိုရီးယား၊ ဘူတန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ယခုကဲ့သို့ ထေရဝါဒနိုင်ငံများနှင့် အခြားသောပြည်ပနိုင်ငံများမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား တစ်စုတစ်ဝေးတည်း ဖူးမြော်တွေ့ဆုံခွင့်ရရှိသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် အညီ ယခုအခမ်းအနားကြီးကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခမ်းအနားကို တက်ရောက်လာကြသည့်အတွက်လည်း ကျေးဇူးအထူးတင်ရှိပါကြောင်း လျှောက်ထားသည်။



ယင်းနောက် သီရိလင်္ကာနိုင်ငံ သျှာမနိကာယ ကောတေချပ်ပတာ အနုနာယကဖြစ်သူ The Most Ven. Prof Kotapitiye Rahula Anunayake Thero ကမ္ဘောဒီးယားနိုင်ငံမှ သံဃရာဇာ ဆရာတော်ကြီးကိုယ်စားတက်ရောက်လာသည့် Dr. Yon Seng Yeath၊ ဩစတြေးလျနိုင်ငံမှ ဆရာတော် Thich Quang Ba ၊ အမေရိကန်ပြည်ထောင်စုမှ ဆရာတော် John David Dinsmore (အရှင်စိန္တိတ)၊ မက္ကဆီကိုနိုင်ငံမှ ဆရာတော် Angel Oscar Valentinuzzi (အရှင်နန္ဒိသေန)၊ နီပေါနိုင်ငံမှ ဆရာတော် Siddhartha Maharjan (အရှင်နိဂြောခ)နှင့် ဆရာတော်ကြီးများက ကျေးဇူးတင်ဝမ်းမြောက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားသို့တက်ရောက်လာကြသည့်ပြည်ပနိုင်ငံမှ ဆရာတော်ကြီးများအား လှူဖွယ်သင်္ကန်းနှင့် ပိဋကတ်ဘာသာပြန်ကျမ်းစာအုပ်များ၊ ဓမ္မစာအုပ်များနှင့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အမှတ်တရပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC)ထုတ်ပေးရေးစခန်းအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂**
အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဒုတိယဝန်ကြီး ဦးမောင်မောင်သန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းသို့သွားရောက်၍ ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ် (Overseas Worker Identification Card– OWIC) ထုတ်ပေးရေးစခန်းများကို သွားရောက်စစ်ဆေးသည်။



အဆိုပါနေရာတွင် MoU စနစ်ဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်မည့် လုပ်သားများ၊ မိမိအစီအစဉ်ဖြင့် ပြည်ပသို့ သွားရောက်မည့် ကျွမ်းကျင်လုပ်သားများနှင့် ပြည်ပနိုင်ငံများမှ ခွင့်ပြန်လုပ်သားများအတွက် ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ် (OWIC) အား Cashless စနစ်ဖြင့် တစ်နေရာတည်းတွင် ပြုလုပ်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး တာဝန်ခံအရာရှိများ၏ ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက OWIC ထုတ်ပေးရေးလုပ်ငန်းစဉ်တွင် အသုံးပြုသည့် စက်ပစ္စည်းများကို စနစ်တကျကိုင်တွယ်အသုံးပြုရန်၊ အလုပ်သမားများ၏အခက်အခဲများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ကူညီဖြေရှင်းဆောင်ရွက်ပေးရန်နှင့် အလုပ်သမားများနှင့် လုပ်ငန်းစဉ်အပေါ် စေတနာထား၍ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းကျောင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို ပြည်ပသို့သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းညွှန်သင်တန်းပို့ချမှုများကို အလုပ်သမားများ ရှင်းလင်းစွာ နားလည်သိရှိစေရေး လုပ်ငန်းခွင်နှင့်သက်ဆိုင်သော အကြောင်းအရာများ သင်ကြားပို့ချသွားရန် မှာကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြန်မာ့မျိုးရင်းရေချိုပုစွန်တုပ်ကြီးကို အောင်မြင်စွာသားဖောက်မွေးမြူ ထုတ်လုပ်

**ရန်ကုန် မေ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ နံနက်ပိုင်းက သန်လျင်မြို့နယ် ကျောက်တန်းမြို့ရှိ ငါးလုပ်ငန်းဦးစီးဌာန ရေချိုပုစွန်သားဖောက်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဦးစွာ ကျောက်တန်းရေချိုပုစွန်စခန်းသို့ ရောက်ရှိရာ ပုစွန်သားဖောက်လုပ်ငန်းများ ကြီးကြပ်စီမံသူ ဒုတိယညွှန်ကြားရေးမှူးက ရေချိုပုစွန် သားဖောက်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရေချိုပုစွန် သားဖောက်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကို လက်တွေ့ကွင်းဆင်းပြသသည်။(ယာပုံ)

လုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ၁၉၉၆ ခုနှစ်ကစတင်ကာ ရေချိုပုစွန် သားဖောက်လုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနမှ ပညာရှင်များက နည်းပညာဖြန့်ဖြူးပေးခဲ့မှုအရ ပုဂ္ဂလိကလုပ်ငန်းရှင်များက သားဖောက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသော်လည်း ၂၀၁၂ ခုနှစ်တွင် ရောဂါကျရောက်မှုကြောင့် လုပ်ငန်းများရပ်တန့်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ထိုင်းနိုင်ငံမျိုးများ တင်သွင်းပြီး သားဖောက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါတွင် မိမိတို့မြန်မာနိုင်ငံမျိုးရင်း ရေချိုပုစွန်ကို သားဖောက်ထုတ်လုပ်ပြီး ၂၀၂၆-၂၀၂၇ခုနှစ်မှစတင်၍ လုပ်ငန်းရှင်များကို ပုစွန်သားပေါက်များ ဖြန့်ဖြူးစေမည်ဖြစ်ကြောင်း၊ ၂၀၂၇ခုနှစ်မှစ၍ လုပ်ငန်းရှင်များ ကိုယ်တိုင် သားဖောက်ထုတ်လုပ်ပြီး မြန်မာ့မျိုးရင်း ပုစွန်များ ပြည်တွင်းဖူလုံစွာထုတ်လုပ်နိုင်ရေး၊ ပိုလျှံပါက ပြည်ပတင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနအနေဖြင့် ညွှန်ကြားထားသည့်အတိုင်း ကြိုးပမ်းဆောင်ရွက်ရန်နှင့် ဆုပေးဒဏ်ပေးစနစ်ဖြင့် ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပုဂ္ဂလိကမွေးမြူရေးခြံများ ဖြစ်သော မင်္ဂလာဒုံမြို့နယ်ရှိလေးထောင့်ကန်ရှိ "အားမာန်" နို့စားနွား မွေးမြူရေးခြံနှင့် (TM)နို့စားနွား မွေးမြူရေးခြံတို့ကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးခြံများသည် လွန်ခဲ့သော ၂၃ နှစ်ကျော်က စတင်တည်ထောင် မွေးမြူခဲ့သောခြံများဖြစ်ရာ ခေတ်စနစ်နှင့်အညီ စနစ်တကျမွေးမြူနိုင်ရေး ပြုပြင်လုပ်ဆောင်သွားရန်၊ မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးနှင့်အညီ ဆောင်ရွက်ရန်၊ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင် အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန်၊ တိရစ္ဆာန်အစာအဖြစ် စိုက်ပျိုးထားသော အာဟာရမြက်များအား ရာသီမပြတ် ထုတ်လုပ်ကျွေးမွေးနိုင်ရေး စနစ်တကျဆောင်ရွက်ရန်၊ လက်ရှိကျွေးမွေးဆောင်ရွက်နေသော ပြည်တွင်းစိုက်ပျိုးရေး ထွက်ကုန်များ၊ စွန့်ပစ်ဟင်းသီးဟင်းရွက်စိမ်းများနှင့် ရောစပ်ကျွေးမွေးရန်တို့ကို ဆွေးနွေးမှာကြားသည်။



"အားမာန်" နို့စားနွား မွေးမြူရေးခြံ၌ နို့စားနွားကောင်ရေ ၃၄၀ မွေးမြူထားပြီး နို့ပေးနွားမ ကောင်ရေ ၁၁၈ ကောင်မှ နေ့စဉ်နွားနို့ ပိဿာ ၆၅၀၊ (TM) နို့စားနွား မွေးမြူရေးခြံတွင် နို့စားနွားကောင်ရေ ၇၅၀ မွေးမြူထားပြီး နို့ပေးနွားမကောင်ရေ ၃၀၀မှ နေ့စဉ်နွားနို့ ပိဿာ ၁၅၀၀ ရရှိကြောင်း၊ ထွက်ရှိသော နွားနို့၊ နို့စိမ်း၊ ဒိန်ချဉ်၊ ထောပတ် စသည်တို့အား ရန်ကုန်မြို့ရှိ ကုန်တိုက်များသို့ တင်ပို့ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## စဉ့်ကူးမြို့နယ်၌ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေး

**စဉ့်ကူး မေ ၂**

စဉ့်ကူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးလှထွေး ဦးဆောင်သည့် ဝန်ထမ်းများက ရက် (၁၀၀) စီမံချက်ဖြင့် အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် UID CARD ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

တင်ဇာလွင်(ပြန်/ဆက်)

## "တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း"

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါ အခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍ သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှ တစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## တံတားဦးမြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် မေထုန်မဲ့သားစပ်ခြင်း လုပ်ငန်းဆောင်ရွက်

**တံတားဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် ကျေးရွာများအရောက် ရက်(၁၀၀) စီမံချက်ဖြင့် မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းကို ယမန်နေ့က တံတားဦးမြို့ တပယ်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်သည်။

မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ တံတားဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်မင်းဦးက မေထုန်မဲ့သားစပ်ခြင်းဖြင့် နွားများမျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ မြေငူကျေးရွာနှင့် ဆင်တဲကျေးရွာများတွင်လည်း မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နွားအကောင်ရေ ၆၀ အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

## ဘိုကလေးမြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးမှုအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ဘိုကလေး မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘိုကလေးမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်အောင်ထွန်း၏ ကြီးကြပ်မှုနှင့်အတူ မြို့နယ်အတွင်းရှိ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်း၊ ဇီဝအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းကို အမှတ်(၁)ရပ်ကွက်နှင့် ထော်ပိုင်ကျေးရွာအုပ်စုတို့ကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ တာဝန်ရှိသူများက ယမန်နေ့ညနေ ၄ နာရီက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များက လှည့်လည်ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ် လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများနှင့် တွေ့ဆုံကာ နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်မှုလုပ်ငန်း အောင်မြင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



# ရွှေစိမ်းလို့တင်စား မြန်မာ့ဝါး

**တာရာ**

ဆိုင်ရှေ့မှာ မနက်စာစားသူတွေရဲ့ မော်တော်ဆိုင်ကယ်နဲ့ကားတွေ ရပ်ထားပါတယ်။ ဆိုင်ထဲမှာ လူအများရဲ့ စကားပြောသံတွေ၊ မုန့်မှာနေတဲ့ စားပွဲထိုးတွေရဲ့ အသံ၊ ဇွန်းသံ၊ ပန်းကန်သံတွေနဲ့ အတူ လက်ဖက်ရည်နဲ့ တွဲဖက်စားသောက်ရတဲ့ ပလာတာ၊ စမူဆာ၊ အီကြာကွေးကြော်တဲ့ ညှော်နံ့တွေက လှိုင်နေပါတယ်။ မနက်ခင်းစောစော အဆာပြေစာအတွက် လက်ဖက်ရည်၊ မုန့်တွေအပြင် ရှမ်းခေါက်ဆွဲ၊ မုန့်ဟင်းခါးနဲ့ ထမင်းဆီဆမ်းသာရပြီး အရသာကလည်း သာမန်၊ ဒါပေမယ့် ဆိုင်က လူအမြဲပြည့်နေတတ်ပါတယ်။ မုန့်တွေစားချင်ရင် စောစောသွားမှ အဆင်ပြေပြီး နည်းနည်းနောက်ကျသွားရင် လက်ဖက်ရည်သာ ရပါတော့တယ်။

ဒီဆိုင်ကို ဘာကြောင့် လူတွေအလာများကြ တာလဲ လေ့လာကြည့်တော့ ကျေးလက်အငွေ့အသက်ကို သဘာဝဆန်ဆန်ရရှိစေတဲ့အတွက် လာကြတာလို့ ထင်ပါတယ်။ ဆိုင်ရဲ့ အပြင်အဆင်က မြို့ပြမှာ တွေ့ရလေ့ရှိတဲ့ ပုံစံနဲ့ကွဲထွက်နေပြီး ပလတ်စတစ်ထိုင်ခုံတွေအစား ရိုးရာအသွင်နဲ့ ခေတ်ပေါ်လိုအပ်ချက်ကို ပေါင်းစပ်ထားတဲ့ ဝါးစားပွဲနဲ့ တွဲဆက်ထားတဲ့ ထိုင်ခုံရှည်တွေက သူ့ရဲ့ဆွဲဆောင်မှု တစ်ခုဖြစ်ပါတယ်။

ဝါးထိုင်ခုံရှည်တွေက လှပထူးခြားနေပြီး မိသားစုဝင်တွေ၊ ညှော့သည်တွေ၊ အေးအေးဆေးဆေး ထိုင်လိုသူ၊ စီးပွားရေး၊ လူမှုရေး စသဖြင့် စကားစမြည်ပြောလိုသူတွေအတွက် စုစုစည်းစည်း အတူထိုင်နိုင်တဲ့အတွက် ဒီဆိုင်လေးကို ရွေးချယ်ကြခြင်းလို့ ထင်ပါတယ်။ ဝါးစားပွဲနဲ့ ထိုင်ခုံရှည်တွေက ကြာကြာထိုင်သူတွေအတွက် သက်သောင့်သက်သာ ရှိပါ့မလားလို့ ထင်မိပေမယ့် တကယ်တမ်းထိုင်ကြည့်တော့ ပလတ်စတစ်ထိုင်ခုံတွေလို အထိုင်ကြာလို့ ပူလာတာ ညောင်းလာတာမရှိ၊ ပူတဲ့ရာသီဥတုမှာ အေးနေပြီး အေးတဲ့ရာသီဥတုမှာ အဆင်ပြေစေပါတယ်။

### သဘာဝထွက်ကုန်ကို မြန်မာ့ရိုးရာလက်မှုနဲ့ အနုပညာမြောက်စွာ ပေါင်းစပ်

ဒါပေမယ့် ဝါးစားပွဲဝိုင်းတစ်စုံစာရဲ့ တန်ဖိုးကလည်း မသေးလှ။ သိန်းဂဏန်းအထက်လို့ သိရပါတယ်။ သဘာဝထွက်ကုန်ကို မြန်မာ့ရိုးရာလက်မှုနဲ့ အနုပညာမြောက်စွာ ပေါင်းစပ်လိုက်တဲ့အခါ လိုက်ဖက်ညီမှု၊ စနစ်တကျ ထိုင်နိုင်မှု၊ ကျန်းမာရေး အတွက် သင့်လျော်ပြီး တန်ဖိုးရှိအသုံးတည့်လှတဲ့ လက်ရာမြောက် ပရိဘောဂတစ်ခုအဖြစ် ပွဲလယ်တင်လာပါတယ်။





မအူပင်မြို့နယ် မလတ်တိုကျေးရွာတွင် စိုက်ပျိုးထားသည့် ဝါးပင်များကို တွေ့ရစဉ်။ ဓာတ်ပုံ-နဒီမင်း

ဝါးက ခိုင်ခံ့မှုရှိပြီး ကွေးညွတ်နိုင်တဲ့အပြင် ပုံစံအမျိုးမျိုး ဖန်တီးထုတ်လုပ်နိုင်ခြင်းက သူ့ရဲ့ အားသာချက်လို့ ဆိုရပါမယ်။ ပေါင်းခံ၊ ပိုးသတ်၊ အခြောက်လှန်းပြီး ရာသီဥတုဒဏ်၊ ရေဒဏ်၊ မိုးဒဏ် ကြာရှည်ခံနိုင်အောင် သဘာဝနည်းပညာနဲ့ ပေါင်းစပ် ထုတ်လုပ်လိုက်တဲ့အခါ နှစ်များစွာကြာအောင် မပျက်မစီးနိုင်ဘဲ ရေရှည်သုံးစွဲနိုင်တဲ့ သဘာဝ ထုတ်ကုန်ပစ္စည်းတစ်ခု ဖြစ်လာပါတယ်။

ဝါးက သစ်သားထက်ပေ့ါပါးပြီး ရွှေ့ပြောင်းရတာ လွယ်ကူပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ် တစ်ခုဖြစ်ပါတယ်။ ဝါးရဲ့ကြံ့ခိုင်မှု၊ ပြန်လည်ရှင်သန်နိုင်မှုတို့က ရေရှည်တည်တံ့သော သဘာဝ အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။ ဝါးကို အများစုသိထားကြတာ လူကြိုက်များတဲ့ မျှစ်ရရှိရာ၊ အဝတ်လှန်းတဲ့တန်း၊ ငြမ်းနဲ့ တစ်ခုခုထောက်ကန်စရာ အကြမ်းသုံးအဖြစ်၊ ဒီထက်ပိုလာရင် ဆန်ကော၊ ဆန်ခါ၊ ခြင်းတောင်း၊ ဝါးကုလားထိုင်၊ တဲ၊ ခြံစည်းရိုး အကာအရံ၊ ကလေးကစားစရာ၊ တီးမှုတ်စရာ ပလွေ၊ ဝါးလက်ခုပ် စသဖြင့် အတွက်သာ အသုံးများတယ်လို့ သိကြပေလိမ့်မယ်။

"မောင်ရင်ငယ်သွေး ဟင်းစားပေး၍၊ အစ်ကိုလတ်ကား နီးနွယ်တတ်ကာ အစ်ကိုကြီးကား အိမ်ရာပေး၏" ဆိုတဲ့ မြန်မာဆိုရိုးစကားအရ ဝါးနုက လူသားတွေအတွက် စားစရာမျှစ်၊ ဝါးလတ် (တည်င်)က ဝါးနှီးထိုးရက်လုပ်ရတဲ့ အသုံးအဆောင်ပစ္စည်းတွေနဲ့ ဝါးရင့်က ပရိဘောဂ၊ နေထိုင်စရာ အဆောက်အအုံအထိပေးနိုင်ပြီး သစ်မဟုတ်တဲ့ သစ်သားအစားထိုး သယံဇာတတစ်မျိုးလည်းဖြစ်ပါတယ်။

ဝါးကို သယ်ယူပို့ဆောင်ရေးအတွက်၊ ဆောက်လုပ်ရေးအတွက်၊ စက္ကူပျော့ဖတ်ပြုလုပ်ရာ၊ လက်မှုပစ္စည်း ပြုလုပ်ရာ၊ အစားအစာအတွက်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ပါတယ်။ သဘာဝ ဝါးရုံတွေက မြေဆီလွှာကို ကောင်းမွန်စေပြီး ရေတိုက်စားမှုကို ကာကွယ်နိုင်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူထားနိုင်မှုမြင့်မားတဲ့အတွက် လေထုကို သန့်စင်စေပြီး သဘာဝပတ်ဝန်းကျင်ကို အကျိုးသက်ရောက်စေပါတယ်။ မျှစ်နဲ့ဝါး ထုတ်ယူရရှိနိုင်တဲ့ အတွက် ကျေးလက်နေပြည်သူတွေ လူမှုစီးပွားဘဝ အတွက် နေ့စဉ်ဝင်ငွေရရှိစေပါတယ်။

### နေ့စဉ်လူမှုဘဝအတွက် အသုံးအဆောင်ပစ္စည်းတွေကို ဖြည့်ဆည်းပေး

ကမ္ဘာပေါ်မှာ ဝါးမျိုးစု ၇၅ မျိုးနဲ့ ဝါးမျိုးစိတ် ၁၂၅၀ ရှိပါတယ်။ မြန်မာနိုင်ငံမှာ ဝါးမျိုးစု၂၁ မျိုးနဲ့ ဝါးမျိုးစိတ် ၁၀၂ မျိုးခန့် ပျံ့နှံ့ပေါက်ရောက်လျက်ရှိပြီး ကြခတ်ဝါး၊ တပင်တိုင်ဝါး၊ ကြသောင်းဝါး၊ သိုက်ဝါး၊ ဝါးနက်၊ တင်းဝါး၊ ကလွှေဝါး၊ ကြလိုဝါး၊ ဝါးကြီး၊ ဝါးဘိုး၊ ဝါးဘိုးမျက်ဆန်ကျယ်၊ ဝါးနီ၊ မြင်ဝါး၊ ဝါးနွယ်၊ ဝါးယား၊ ကရင်ဝါး၊ သနပ်ဝါး၊ ထီးရိုးဝါး စတဲ့ ဝါးမျိုးစိတ် ၁၈ မျိုးက စီးပွားရေးအတွက် အသုံးဝင်အကျိုးဖြစ်ထွန်းနိုင်ကြောင်း မှတ်တမ်းများက ဆိုပါတယ်။ ကြခတ်ဝါးကို မျှစ်၊ တိရစ္ဆာန်အစားအစာ၊ ဝါးလက်မှုပစ္စည်း၊ ဝါးဖတ်ထုတ်ကုန်၊ ဝါးတန်ဖိုးမြင့် စက်မှုထုတ်ကုန်၊ ဝါးအဆောက်အအုံဆောက်လုပ်ရာမှာ သုံးစွဲကြပါတယ်။ မြင်ဝါးကို စက္ကူပျော့ဖတ်၊ အဆောက်အအုံငြမ်းဆင်တာ၊ အိမ်သုံးပစ္စည်း၊ ဝါးပရိဘောဂတွေအတွက်သုံးကြသလို ထီးရိုးဝါးကို ဝါးလက်မှုပစ္စည်း၊ ခြံစည်းရိုး၊ လေကာတန်း၊ ငါးမျှားတံ၊ ထီးရိုးလက်ကိုင်အဖြစ် သုံးကြပါတယ်။ တင်းဝါးကို ဝါးလက်မှုပစ္စည်း၊ ကောက်ညှင်းကျည်တောက် စသဖြင့် သူ့နေရာနဲ့သူ သုံးစွဲလေ့ရှိပါတယ်။ ဝါးပင်က မြန်မာ့ကျေးလက်ဒေသရဲ့ ရိုးသားတဲ့အလှတရားကို ကိုယ်စားပြုသလို လေတိုက်လိုက်တိုင်း ဝါးရွက်တို့ လှုပ်ခတ်သံက ကျေးလက်တောရွာရဲ့ သဘာဝဂီတသံပဲဖြစ်ပါတယ်။ ဝါးပင်ရဲ့အလှက အရောင်အသွေး မစုံပေမယ့် စိမ်းစိုတဲ့ ရိုးရှင်းမှုရှိပြီး မားမားမတ်မတ်ထိုးထွက်နေတဲ့ သန်မာတဲ့ပင်စည်တွေက နေ့စဉ်လူမှုဘဝအတွက် အသုံးအဆောင်ပစ္စည်းတွေကို ဖြည့်ဆည်းပေးနေပါတယ်။

ပူပြင်းတဲ့ နွေနေ့လယ်တွေမှာ နေရောင်ခြည်ကို စုပ်ယူကာ အေးမြတဲ့အရိပ်ကိုပေးပြီး ညအချိန် လရဲ့ အလင်းရောင်က ပင်ဝါးရုံပေါ်ကို ဖြန့်ကြက်လိုက်တဲ့အခါ လွမ်းမောဖွယ် သဘာဝပန်းချီကားချပ်သဖွယ် ဆွဲဆောင်နိုင်လွန်းလှပါတယ်။ အာရှနဲ့ အရှေ့တောင်အာရှဒေသမှာ တရုတ်၊ အိန္ဒိယပြီးရင် မြန်မာနိုင်ငံက တတိယမြောက် ဝါးသယံဇာတကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံတစ်ဝန်း သဘာဝတောတွေမှာ ဝါးပေါက်ရောက်တဲ့ ဧရိယာကေသန်း ၇၀ ဝန်းကျင်ရှိပြီး အရုံလိုက်ပေါက်တဲ့ ဝါးမျိုးကေ ၅၁ သန်းခန့်နဲ့ တစ်ပင်ချင်းပေါက်တဲ့ ဝါးမျိုးကေ ၁၈ သန်းခန့် ရှိပါတယ်။

သဘာဝတောကနေ စီးပွားဖြစ်ဝါးထုတ်ယူနိုင်တဲ့ ဒေသအဖြစ် ပဲခူးရိုးမ၊ ရခိုင်ရိုးမနဲ့ တနင်္သာရီဒေသ စတဲ့ နေရာသုံးခုကို သတ်မှတ်ထားပါတယ်။ အများစုက အရုံလိုက်ပေါက်ရောက်တတ်တဲ့ အပူပိုင်းဝါးမျိုးတွေဖြစ်ပြီး ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တွေမှာ တစ်ပင်ချင်းပေါက်တဲ့ သမပိုင်းဝါးမျိုးတွေ အနည်းငယ်ပေါက်ရောက်နိုင်ကြောင်း တွေ့ရပါတယ်။ ဒီနေ့ခေတ်မှာ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအများစုမှာ ဝါးပင်က နေ့စဉ်ဘဝနဲ့ စီးပွားရေးအတွက် အရေးပါအသုံးဝင်လာတဲ့အတွက် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လာကြပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေမှာ ပုဂ္ဂလိက ဝါးစိုက်ခင်းတည်ထောင်ခွင့်ကို ၂၀၁၇ ခုနှစ် နောက်ပိုင်းကစပြီး ခွင့်ပြုပေးခဲ့ပြီး ဝါးစိုက်ခင်း တည်ထောင်သူလုပ်ငန်းရှင် ၁၀၄ ဦးနဲ့ စိုက်ဧက ၄၂၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။

ဒါပေမယ့် ဝါးသယံဇာတထုတ်ယူရာမှာ သဘာဝ သစ်တောတွေက ဝါးအရင်းအမြစ်တွေကို အဓိက အားထားနေရဆဲဖြစ်ပြီး စိုက်ခင်းတွေက စီးပွားဖြစ် ထုတ်ယူနိုင်မှုက အနည်းငယ်သာရှိသေးပါတယ်။ ငှက်ပျောကဆုန် ဝါးနယုန်ဆိုတဲ့အတိုင်း ဝါးကို နယုန်လအတွင်းသာ ပျိုးထောင်စိုက်ပျိုးသင့်ပါတယ်။ ဝါးရုံတစ်ရုံမှာ ဝါးလုံးသက်တမ်း တစ်နှစ်သားကို ဝါးနု၊ နှစ်နှစ်သားကို တည်င်ဝါး၊ သုံးနှစ်နဲ့အထက် ဝါးတွေကို ဝါးရင့်လို့ခေါ်ကြပြီ သုံးနှစ်ကျော်တဲ့ ဝါးတွေကိုသာ ခုတ်လှဲထုတ်ယူသင့်ပါတယ်။ ကြီးမြန်ပြီး ပြန်လည်ပြည့်ဖြိုးနိုင်တဲ့ စက်မှုကုန်ကြမ်းသယံဇာတ ရင်းမြစ်တစ်ခုလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဝါးမျိုးစိတ်စုံလင်စွာ ပေါက်ရောက်ရှင်သန်နိုင်ပြီး နှစ်စဉ်ဝါးအလုံးရေ သန်းပေါင်း ၃၀၀ ခန့် ထုတ်လုပ်နိုင်တဲ့အတွက် ဝါးသယံဇာတကို အခြေခံပြီး အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) တွေ ဖော်ဆောင်နိုင်တဲ့ အားသာချက်တွေရှိပါတယ်။ ဝါးက သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းဖြစ်တဲ့အတွက် လုပ်ငန်းရှင်တွေအတွက် လုပ်သာကိုင်သာရှိနိုင်ပါတယ်။ ကုန်ကြမ်းတန်ဖိုးမြင့်မားမှုမရှိသလို ဝါးနဲ့ ပတ်သက်တဲ့ ထုတ်ကုန်ထုတ်လုပ်နိုင်တဲ့ မိရိုးဖလာ နည်းပညာတွေလည်း ရှိပြီးဖြစ်ပါတယ်။

နည်းပညာ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ အရည်အသွေးမီ ဝါးလက်မှုပစ္စည်းတွေ၊ ဝါးပါကေး၊ ဝါးအထပ်သား၊ ဝါးဖျာ၊ ဝါးမီးသွေး၊ ဝါးအချဉ်ရည်မှ ဆေးဝါး၊ ဝါးအလှကုန်ပစ္စည်း၊ ဝါးမျှင်မှ

*စာမျက်နှာ ၁၁ သို့*

- **ဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါးသယံဇာတတွေကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဝါးတောတွေကနေ စနစ်တကျထုတ်ယူသုံးစွဲရေး၊ ဝါးစိုက်ခင်းတွေ တည်ထောင်ထုတ်လုပ်ရေး၊ ဝါးထုတ်ကုန်တွေ ထုတ်လုပ်ရေး ကဏ္ဍတွေကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်**
- **မြန်မာနိုင်ငံက ဝါးအခြေခံလက်မှုပစ္စည်းတွေက ပြည်တွင်းဈေးကွက်မှာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေသလို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြည်ပ ဝင်ငွေရရှိနေပါတယ်။ သွင်းကုန်အစားထိုး ပြည်ပပို့ကုန်အဖြစ် ခေတ်မီဆန်းသစ်တဲ့ ထုတ်ကုန်အရည်အသွေး၊ နိုင်ငံတကာဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းနဲ့ ထုတ်လုပ်မှုစွမ်းရည်တွေ တိုးမြင့်နိုင်မယ်ဆိုရင် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေနိုင်တဲ့ စီးပွားရေးကဏ္ဍတစ်ခု ဖြစ်လာနိုင်**

# မြန်မာ့ဆေးဝါးလုပ်ငန်း၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲထားရှိသည့် ထုတ်လုပ်မှုစီမံချက်၊ ဝယ်ယူရေး စီမံချက်များအား ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၂**

စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲထားရှိသည့် ထုတ်လုပ်မှုစီမံချက်၊ ဝယ်ယူရေးစီမံချက်များအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ထုတ်လုပ်မှု စီမံချက်ရေးဆွဲရာတွင် ဈေးကွက်လိုအပ်ချက်ကို အခြေခံ၍ ရေးဆွဲရမည်ဖြစ်ပြီး ဆေးတစ်မျိုးချင်းစီအလိုက် ထုတ်လုပ်ရမည့် အသုတ်လိုက် (Batch)များ တွက်ချက်ခြင်း၊ လိုအပ်သောဆေးဝါးကုန်ကြမ်းနှင့် ထုပ်ပိုးပစ္စည်းများ ဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှုအချိန်ဇယားရေးဆွဲခြင်း၊ အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် လက်ကျန်ကုန်ကြမ်းများဖြင့် ပြန်လည်ချိန်ညှိခြင်းစသည်ဖြင့် အဆင့်ဆင့်စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထုတ်လုပ်မှု စီမံချက်အပေါ် မူတည်၍ ဝယ်ယူရေးစီမံချက်ကို စနစ်တကျ ဆက်လက် ရေးဆွဲရမည်ဖြစ်ကြောင်း၊ ဝယ်ယူရေးစီမံချက် ရေးဆွဲရာတွင် ထုတ်လုပ်မှုကို အခြေခံခြင်း၊ Principles ဖြစ်သည့် မှန်ကန်သောပမာဏကို ဝယ်ယူခြင်း၊ အချိန်မီဝယ်ယူခြင်း၊ ဈေးနှုန်းမှန်ကန်ခြင်း၊ မှန်ကန်သော ကုန်ကြမ်းထုတ်လုပ်သူမှ ရွေးချယ်ဝယ်ယူခြင်းကို လိုက်နာကျင့်သုံးခြင်း၊ လက်ကျန်ကုန်ကြမ်းများကို ထည့်သွင်းစဉ်းစားပေးခြင်းနှင့် ကြုံတွေ့နိုင်မည့်အခက်အခဲများကို ကြိုတင်မှန်းဆပြီး ဖြေရှင်းနိုင်ရေးကို စဉ်းစားသုံးသပ်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲထားရှိသည့် ထုတ်လုပ်မှုစီမံချက်နှင့် ဝယ်ယူမှုစီမံချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းချမှတ်ခြင်း၊ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်းနှင့် ပြင်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များအတိုင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ဆေးဝါးလုပ်ငန်းမှ အထွေထွေမန်နေဂျာများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲထားရှိသည့် ထုတ်လုပ်မှုစီမံချက်၊ ဝယ်ယူရေးစီမံချက်များ၊ ငွေလုံး ငွေရင်းအသုံးစရိတ်နှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဒက္ခိဏသီရိ စက်မှုဇုန်ရှိ New Stellar Energy MM Co., Ltd. ၏ ဆိုလာစက်ရုံတည်ဆောက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စက်ရုံရှင်းလင်းဆောင်ခန်းမ၌ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဦးစီးဌာနမှူးနှင့် စက်ရုံအထွေထွေမန်နေဂျာတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် စက်ရုံအား အပတ်စဉ် ပုံမှန်စစ်ဆေးပေးပြီး တိုးတက်မှုအခြေအနေကို အမြဲမပြတ် တင်ပြသွားရန် လိုကြောင်း၊ စက်ရုံလည်ပတ်ထုတ်လုပ်နိုင်ခြင်းဖြင့် နေပြည်တော်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများ၏ ဆိုလာ၊ အင်ဗာတာနှင့်ဘက်ထရီလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ပြည်ပမှ တင်သွင်းရမှုကို လျှော့ချပေးနိုင်သည့်အတွက် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒနှင့်ကိုက်ညီသည့်လုပ်ငန်းဖြစ်ကြောင်း၊ ယခု စက်ရုံကဲ့သို့ စက်ရုံများစွာ တည်ဆောက်ထုတ်လုပ်လာခြင်းအားဖြင့် နိုင်ငံတော်၏ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင် နေပြည်တော်စုရပ် ဗဟိုစခန်း(ရွာတော်)သို့ ရောက်ရှိလာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူရည်ချွန်များအား ရင်းရင်းနှီးနှီးကြိုဆို

**နေပြည်တော် မေ ၂**

ပြင်ဦးလွင်၊ အင်းလေး၊ နေပြည်တော်၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်စခန်းများသို့ လေ့လာရေးခရီး သွားရောက်ကြမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နဝမတန်း လူရည်ချွန်ကျောင်းသားကျောင်းသူ ၉၆ ဦး၊ ဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူ ၁၃၂ ဦး၊ ဧကာဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူ၁၃၃ဦး၊ဒွါဒသမတန်းလူရည်ချွန်ကျောင်းသား ကျောင်းသူ ၉၉ ဦး၊ တက္ကသိုလ်ပထမနှစ်နှင့် ဒုတိယနှစ် လူရည်ချွန်ကျောင်းသားကျောင်းသူ ၂၉၁ ဦး စုစုပေါင်း လူရည်ချွန်ကျောင်းသား ကျောင်းသူ ၇၅၁ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမ ၁၀၂ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စုရပ် ဗဟိုစခန်း (ရွာတော်)သို့ ရောက်ရှိကြသည်။

ထိုသို့ရောက်ရှိစဉ် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ နေပြည်တော်ကောင်စီပညာရေးမှူး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများ၊ စခန်းတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများက သပြေပန်းနှင့် စံပယ်ပန်းကုံးများစွပ်၍ ကြိုဆိုခဲ့ကြပြီး အိုးစည်ဒိုးပတ်အကများဖြင့် ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးနေမျိုးလှိုင်နှင့်တာဝန်ရှိသူများသည် ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်း၊ လူရည်ချွန်များကို ဧည့်ခံကျွေးမွေးမည့် စားရိပ်သာဆောင်များနှင့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာ ဆရာမများသည် နေပြည်တော်စုရပ် ဗဟိုစခန်း (ရွာတော်)၌ တည်းခိုကြပြီး ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။



လူရည်ချွန် အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နဝမတန်းလူရည်ချွန် ကျောင်းသားကျောင်းသူများသည် ပြင်ဦးလွင်လူရည်ချွန်စခန်း၊ ဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် အင်းလေးလူရည်ချွန်စခန်း၊ ဧကာဒသမတန်း လူရည်ချွန်ကျောင်းသာ ကျောင်းသူများသည် ငွေဆောင်လူရည်ချွန်စခန်း၊ ဒွါဒသမတန်း လူရည်ချွန်ကျောင်းသားကျောင်းသူများသည် နေပြည်တော် လူရည်ချွန်စခန်း၊ ပထမနှစ်နှင့် ဒုတိယနှစ်လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ချောင်းသာလူရည်ချွန်စခန်းများသို့ လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ဝါးချည်ထည် အဝတ်အစား အစရှိတဲ့ တန်ဖိုးမြင့်ထုတ်ကုန်တွေကိုထုတ်လုပ်နိုင်လာတာ တွေ့ရပါတယ်။

ဒီလို တန်ဖိုးမြင့်ဝါးထုတ်ကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံတော်က အားပေးဆောင်ရွက်နေတဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း( MSME)တွေ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းသောကျေးလက်ဒေသနေပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝမှာ ဝါးပင်က လူမှုစီးပွားနဲ့ နေ့စဉ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ အပင်လို့လည်း ဆိုနိုင်ပါတယ်။ ဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါးသယံဇာတတွေကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဝါးတောတွေကနေ စနစ်တကျထုတ်ယူသုံးစွဲရေး၊ ဝါးစိုက်ခင်းတွေ တည်ထောင်ထုတ်လုပ်ရေး၊ ဝါးထုတ်ကုန်တွေ ထုတ်လုပ်ရေးကဏ္ဍတွေကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဝါးပင်တွေ ရှင်သန်ပေါက်ရောက်ရာ တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဂျပန်စတဲ့ နိုင်ငံတွေမှာ ဝါးနဲ့ပတ်သက်တဲ့ ပရိဘောဂတွေ၊ လူ့အသုံးအဆောင်တွေ၊ အိမ်သုံးပစ္စည်းတွေ၊ အိမ်အလှဆင်ပစ္စည်းတွေ ထုတ်လုပ်နေကြပြီး နိုင်ငံတကာဈေးကွက်တွေမှာ နေရာယူနေကြပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံက ဝါးအခြေခံလက်မှုပစ္စည်းတွေက ပြည်တွင်းဈေးကွက်မှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေသလို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြည်ပဝင်ငွေရရှိနေပါတယ်။ သွင်းကုန်အစားထိုး ပြည်ပပို့ကုန်အဖြစ် ခေတ်မီဆန်းသစ်တဲ့ ထုတ်ကုန်အရည်အသွေး၊ နိုင်ငံတကာဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းနဲ့ ထုတ်လုပ်မှုစွမ်းရည်တွေ တိုးမြှင့်နိုင်မယ်ဆိုရင် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေနိုင်တဲ့ စီးပွားရေးကဏ္ဍတစ်ခု ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ရွှေလိုပဲ အဖိုးတန်တဲ့အတွက် ရွှေစိမ်းလို့ တင်စားနိုင်တဲ့ မြန်မာ့ဝါးမျိုးစိတ်တွေကို စနစ်တကျ စီမံလုပ်ကိုင်ခြင်းဖြင့် လူသားတွေအတွက် အသုံးဝင်လှတဲ့ ဝါးသယံဇာတအရင်းအမြစ်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြပါစို့လို့ တိုက်တွန်းလိုပါတယ်။ ။

# နှစ် (၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



**မော်လမြိုင် မေ ၂**

၂၀၁၉ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သွေးလှူရှင် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးရှိ ဆရာဝန်ကြီးများ၊ သူနာပြု ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ကိုယ်အလေးချိန်နှင့် သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးခြင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွေးလှူဒါန်းခြင်းတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က သွေးလှူဒါန်းပေးကြသူများအား အားဆေးများ၊ ကြက်ဥနှင့် အာဟာရဖြည့်စွက်စာများပေးအပ်ပြီး ဆေးရုံအုပ်ကြီးက စုပေါင်းသွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သွေးလှူဒါန်းပေးခဲ့ကြသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။ **သတင်းစဉ်**

## ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ သန့်ရှင်းသာယာရေးဆောင်ရွက်နေမှုနှင့် ရပ်ကွက်အတွင်းရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ကြည့်ရှုစစ်ဆေး

**လွိုင်ကော် မေ ၂**

ကယားပြည်နယ် လွိုင်ကော်မြို့၌ အခြေခံပညာကျောင်းများ ကျောင်းဖွင့်ကာလရောက်ရှိမည်ဖြစ်သည့်အတွက် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအဲ့မော်သည် အခြေခံပညာကျောင်းများ သန့်ရှင်းသာယာရေးဆောင်ရွက်နေမှုများနှင့် ရပ်ကွက်အတွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက ကျောင်းဖွင့်ရာသီအမီ ကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို



လိုက်လံကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများအတွက် သိပ္ပံလက်တွေ့စမ်းသပ်ခန်းများ၌ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ ကျောင်းစာကြည့်တိုက်တွင် စာအုပ်စာစောင်များ စနစ်တကျစာရင်းရေးသွင်းထားရှိရန်နှင့် စာအုပ်စာစောင်တိုးပွားရေး ဆောင်ရွက်ထားရှိရန်၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး ပန်းအလှပင်များ စနစ်တကျစိုက်ပျိုးရန်၊ ပင်မစာသင်ဆောင်များ၊ စာသင်ခန်းများနှင့် စာသင်ခုံများ သန့်ရှင်းသပ်ရပ်စွာထားရှိရန်မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါ်နိုးကူးရပ်ကွက်သို့ရောက်ရှိပြီး နှစ်စဉ်ရေကြီးရေလျှံမှုကြုံတွေ့ရသည့် မြေအနိမ့်ပိုင်းနေရာများ၌ ယခုနှစ်မိုးရာသီတွင် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးဆောင်ရွက်မည့် အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေ ပြည်သူများအနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

**သုတ(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**နေပြည်တော် မေ ၂**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူသည် ၂၀၁၉ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၌ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၊ ဆေးရုံဝင်းအတွင်း သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၃၀၀ တို့ဖြင့် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်များရှင်းလင်းခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သွေးလှူဘဏ်၌ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၀ က စုပေါင်းသွေးလှူဒါန်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ သန့်ရှင်းရေးဆောင်ရွက်နေကြသည့် တပ်ဖွဲ့ဝင်များနှင့် သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို ခွန်အားဖြည့်အာဟာရ အစားအစာများ ပေးအပ်သည်။

ယနေ့ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ အမြဲတမ်း အတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များမှသာ လွှတ်ကျောင်းခြင်းပြုရန်၊ လုပ်ငန်းခွင်တွင် အသုံးပြုရန်နှင့်သယ်ယူပို့ဆောင်ရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရှိရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသောအစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သောနေရာများစီစဉ်ထားရှိရန်၊

(၅) မွေးမြူရေးခြံများတွင် လေဝင်လေထွက် ကောင်းမွန်စွာထားရှိရန်နှင့် နေရောင်ခြည်တိုက်ရိုက်ကျရောက်မှုမရှိစေရန်အတွက် စီမံထားရှိရန်၊

(၆) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စိုမြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၇) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် စုပေါင်းသွေးလှူဒါန်းနေမှုနှင့် ဆေးဝါးကုသနေမှုလိုက်လံကြည့်ရှုအားပေး ဘုန်းတော်ကြီးကျောင်းများ၌ လိုအပ်လျက်ရှိသော လှူဖွယ်ပစ္စည်းများလှူဒါန်း



**ထားဝယ် မေ ၂**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စုပေါင်းသွေးလှူဒါန်းနေမှုနှင့် ဆေးဝါးကုသနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ဘုန်းတော်ကြီးကျောင်းများ၌ လိုအပ်လျက်ရှိသော လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဦးစွာ မေ ၅ ရက်တွင်ကျရောက်မည့် နှစ်(၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)၌ လိုအပ်လျက်ရှိသော သွေးများကို တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်သန္ဓေ/ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး အားဖြည့်ဆေးဝါးများနှင့် အာဟာရဖြည့်အစားအစာများကို ပေးအပ်သည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် အမှတ် (၁၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)၌ အပြစ်မဲ့ပြည်သူများနှင့်တပ်မတော်သားများ ဆေးဝါးကုသမှုခံယူလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေ၊ ဆေးဝါးကုသပေးထားမှုနှင့် ဆေးကုသနေမှုအခြေအနေများကို ကြည့်ရှုမေးမြန်း၍ အားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မဟာသိဒ္ဓိမာရ်အောင်ထန်းတောကျောင်းနှင့် ဝေယျာစံလွှတ်ဘုန်းတော်ကြီးကျောင်းများ၌ လိုအပ်လျက်ရှိသော လှူဖွယ်ပစ္စည်းများကိုလှူဒါန်းပြီး ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားကာ ဆရာတော်ကြီးများထံမှ ငါးပါးသီလနှင့် ဩဝါဒကထာစကား နာယူကြည်ညို၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ်ဝတ္ထုငွေနှင့် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ဆား၊ ငရုတ်ကြမ်း စသည်တို့ကို ဆရာတော်ကြီးများထံ လှူဒါန်း၍ လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော (၁၁) နှစ်တာ ကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေး ကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

**(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသောမျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ်လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော်ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မ ခန့်ခြား၍ နှီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျ ချိတ်ဆက်ထားပါ။ နေအိမ်ရဲ့တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သော ထောက်တန်းများ ထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန်ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အီဂျစ်နိုင်ငံ နိုင်းမြစ်ဝှမ်း၌ သဘာဝဓာတ်ငွေ့သိုက်အသစ်တစ်ခု ရှာဖွေတွေ့ရှိ

**ကိုင်ရို မေ ၂**

အီဂျစ်နိုင်ငံမြောက်ပိုင်း နိုင်းမြစ်၏ မြစ်ဝကျွန်းပေါ်ဒေသတွင် သဘာဝဓာတ်ငွေ့သိုက် အသစ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ရေနံနှင့် သတ္တုအရင်းအမြစ်ဝန်ကြီးဌာနက မေ ၂ ရက်တွင် ကြေညာခဲ့သည်။



အဆိုပါ ဓာတ်ငွေ့သိုက်မှ သဘာဝဓာတ်ငွေ့ တစ်ရက်လျှင် ကုဗပေ သန်း ၅၀ ခန့် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားပြီး အနီးဆုံးထုတ်လုပ်ရေး စက်ရုံများမှ ၂ ကီလိုမီတာအောက်တွင် ယင်းဓာတ်ငွေ့သိုက် တည်ရှိနေသဖြင့် လာမည့်ရက်သတ္တပတ်အနည်းငယ် အတွင်းမှာပင် ထုတ်လုပ်မှုကွန်ရက်နှင့် လျှင်မြန်စွာ ချိတ်ဆက်နိုင်၍ ဓာတ်ငွေ့ထုတ်လုပ်မှုများစတင်နိုင်မည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီဂျစ်အစိုးရသည် ယခုနှစ်များအတွင်း သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု ကျဆင်းလာခဲ့ပြီးနောက် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတိုးမြှင့်ရန် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံအတွင်း လက်ရှိသဘာဝဓာတ်ငွေ့ထွက်ရှိမှုမှာ တစ်ရက်လျှင် ကုဗပေ ၄ ဒသမ ၁ ဘီလီယံထုတ်လုပ်နေပြီး ၂၀၂၇ ခုနှစ်တွင် ကုဗပေ ၆ ဒသမ ၆ ဘီလီယံသို့တိုးမြှင့်ရန် စီစဉ်ထားကြောင်း ဝန်ကြီးချုပ် မိုစတာဖာ မက်ဘူလီက ပြောကြားသည်။ ထို့ပြင် ယခုနှစ်အတွင်း စွမ်းအင်အရန် အသစ်များ လုံလောက်စွာ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စူးစမ်းလေ့လာရေး ရေနံတွင်း ၁၀၀ ကျော် တူးဖော်ရန် စီစဉ်ထားကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဆင်ဟွာ

## သီရိလင်္ကာ၌ ဆေးဝါးပြတ်လပ်မှုကြောင့် လူနာများ ကုသမှုဆိုင်ရာ အခက်အခဲကြုံတွေ့

**ကိုလံဘို မေ ၂**

သီရိလင်္ကာနိုင်ငံ၌ ဆေးဝါးပြတ်လပ်မှုကြောင့် ကင်ဆာ၊ ကျောက်ကပ်နှင့် အသည်းရောဂါခံစားနေရသည့် လူနာများသည် အရေးကြီးသော ဆေးဝါးများရရှိရန် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ကျန်းမာရေးကျွမ်းကျင်သူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်းမီဒီယာ Daily Mirror တွင် မေ ၁ ရက်က ဖော်ပြခဲ့သည်။

ဆေးဝါးပြတ်လပ်မှုသည် နာတာရှည်ရောဂါသည် ကုသမှုခံယူနေသူများနှင့် ခွဲစိတ်ကုသမှုကိုစောင့်ဆိုင်းနေသူများကို ထိခိုက်စေပြီး အရေးကြီးသောကုသမှုများတွင် ဆေးဝါးထောက်ပံ့မှု အကန့်အသတ်ရှိနေခြင်းကြောင့် အခက်အခဲများကြုံတွေ့နေရကြောင်း ဆေးဘက်ဆိုင်ရာ ဆရာဝန်များသမဂ္ဂ မဟာမိတ်အဖွဲ့ ဥက္ကဋ္ဌ ချာမဲလ်ဆန်ဂျီဝါက ပြောကြားခဲ့သည်။ ထို့ပြင် စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကြန့်ကြာခြင်းတို့ကြောင့် ယင်းအခြေအနေဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အချို့သော ဆေးဝါးများတွင် မှတ်ပုံတင်ခြင်းဆိုင်ရာ နှောင့်နှေးကြန့်ကြာခြင်း၊ အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက သီရိလင်္ကာ ရူပီးငွေတန်ဖိုး ကျဆင်းခြင်းနှင့် ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းတို့ကြောင့် သွင်းကုန်စရိတ်မြင့်တက်လာခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆင်ဟွာ




## ကနေဒါမှ အမေရိကန်သို့ လေကြောင်းခရီးသွားလာမှု ၁၄ လ ဆက်တိုက်ကျဆင်း

**အော့တဝါ မေ ၂**

ကနေဒါနိုင်ငံ၏ အကြီးဆုံး လေဆိပ်ရှစ်ခုတွင် မတ်လအတွင်း အမေရိကန်ပြည်ထောင်စုသို့ လေကြောင်းခရီးသွားလာသူပေါင်း ၁ ဒသမ ၂ သန်းရှိပြီး ယခင်နှစ်ကထက် ၇ ရာခိုင်နှုန်း လျော့ကျလာကြောင်း ကနေဒါစာရင်းအင်းဌာနက မေ ၁ ရက်တွင် ထုတ်ပြန်သည်။

ယင်းကဲ့သို့ လျော့ကျမှုမှာ ၁၄ လဆက်တိုက်ဖြစ်ပေါ်နေကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်အစပိုင်းမှ စတင်ကာ ကနေဒါနှင့် အမေရိကန်တို့အကြား နိုင်ငံရေးတင်းမာမှုများ ဖြစ်ပေါ်လာခြင်းနှင့်အတူ လေကြောင်းခရီးသွားလာမှုပုံစံများလည်း ပြောင်းလဲလာကြောင်း၊ ယခုနှစ် မတ်လအတွင်း အမေရိကန်သို့ လေကြောင်းခရီးသွား အရေအတွက်မှာ တင်းမာမှုများ မဖြစ်ပွားမီကာလဖြစ်သည့် ၂၀၂၄ ခုနှစ် မတ်လနှင့်နှိုင်းယှဉ်လျှင် ၁၀ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း ၎င်းဌာနက ပြောသည်။

ထို့ပြင် ယခုနှစ် မတ်လတွင် အမေရိကန်ပြည်ထောင်စုသို့ လေကြောင်းခရီးသွားအရေအတွက်မှာ စုစုပေါင်း၏ ၂၄ ဒသမ ၉ ရာခိုင်နှုန်းသာရှိပြီး ၂၀၂၅ ခုနှစ် မတ်လတွင် ၂၇ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၂၉ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ လောင်ကျွမ်းခဲ့သည့်တောမီး ထိန်းချုပ်နိုင်ပြီ

**တိုကျို မေ ၂**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း အီဝါတဲခရိုင် အိုဆုချီမြို့တွင် တစ်ပတ်ကျော်ကြာ လောင်ကျွမ်းခဲ့သော တောမီးကို ယခုအခါ ထိန်းချုပ်နိုင်ပြီ ဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ဧပြီ ၂၂ ရက်တွင် စတင်လောင်ကျွမ်းခဲ့သည့် တောမီးကို အလုံးစုံထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် တောမီးထပ်မံဖြစ်ပွားနိုင်ခြေ လျော့နည်းသွားပြီဖြစ်ကြောင်း မေ ၂ ရက် မွန်းလွဲပိုင်းက မြို့တော်ဝန် ဟီရာနိုကိုဗိုက သတင်းထောက်များအား ပြောကြားခဲ့ခြင်းဖြစ်သည်။

တောမီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ပါဝင်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံစေတနာ့ဝန်ထမ်းများနှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များအားလုံးကို ကျေးဇူးတင်ကြောင်း မြို့တော်ဝန်က ပြောကြားခဲ့သည်။



အဆိုပါ တောမီးကြောင့် မြေဧက (ဟက်တာ) ၁၆၃၃ ခန့် လောင်ကျွမ်းခဲ့ပြီး ယင်းသည် မြို့၏ ၈ ရာခိုင်နှုန်းခန့်ရှိကြောင်း အာဏာပိုင်များက ဆိုသည်။ ထို့ပြင် အဆောက်အအုံ ရှစ်လုံး မီးလောင်ပျက်စီးခဲ့ပြီး မီးသတ်သမားတစ်ဦး အပါအဝင် လူနှစ်ဦး အသေးစားဒဏ်ရာများ ရရှိခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံပြည်သူ ၃၂၅၇ ဦး (မြို့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်) ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ခဲ့ပြီး ယခုအခါ အဆိုပါ အမိန့်များအားလုံးကို ဖယ်ရှားပေးခဲ့ပြီးဖြစ်သည်။

လက်ရှိတွင် မီးပြန်လည်လောင်ကျွမ်းနိုင်ခြေ ရှိ/မရှိ စစ်ဆေးရန် ဝန်ထမ်း ၆၀၀ ခန့်ကို ဆက်လက် ဖြန့်ခွဲထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အင်န်အိတ်ချ်ကေ

## ကမ္ဘောဒီးယား၌ မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးရမိသူနှင့် ဖမ်းဆီးရမိပမာဏ သိသိသာသာလျော့ကျ

**ဖနောင်ပင် မေ ၂**

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၆ ခုနှစ် ပထမလေးလအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်စပ်သော ဖမ်းဆီးရမိသူအရေအတွက်နှင့် သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးပမာဏတို့နှစ်ခုစလုံး သိသိသာသာ လျော့နည်းလာကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာန (ADP) ၏ မေ ၁ ရက်နေ့ ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဇန်နဝါရီမှ ဧပြီလအတွင်း အာဏာပိုင်များက မူးယစ်ဆေးဝါးနှင့်ဆက်စပ်သော သံသယရှိသူ စုစုပေါင်း ၅၇၃၃ ဦးကို ဖမ်းဆီးရမိခဲ့ပြီး ယမန်နှစ် အလားတူကာလက ဖမ်းဆီးရမိသူ ၈၂၀၃ ဦးရှိရာ ယမန်နှစ်ကထက် ၃၀ ရာခိုင်နှုန်း လျော့နည်းလာခဲ့သည်။ ထို့ပြင် မူးယစ်ဆေးဝါးအမှု ၂၂၅၅ မှုရှိခဲ့ပြီး ယမန်နှစ် ၃၁၃၅ မှုနှင့် နှိုင်းယှဉ်ပါက ၂၈ ရာခိုင်နှုန်း လျော့နည်းလာခဲ့ကြောင်းသိရသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း မူးယစ်ဆေးဝါး ၆၅၃ ကီလိုဂရမ်ခန့်၊ ဘိန်း ၈ ဒသမ ၅ ကီလိုဂရမ်နှင့် ဆေးခြောက် ၇ ဒသမ ၃ ကီလိုဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယမန်နှစ် ပထမလေးလအတွင်း မူးယစ်ဆေးဝါး ၁ ဒသမ ၆၄ တန် သိမ်းဆည်းရမိခဲ့သဖြင့် ယခုနှစ် ပထမလေးလအတွင်း သိမ်းဆည်းရမိမှု ပမာဏမှာ သိသိသာသာလျော့နည်းလာခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

## ဂျာမနီနိုင်ငံမှ တပ်ဖွဲ့ဝင် ၅၀၀၀ ခန့်ကို အမေရိကန် ပြန်လည်ရုပ်သိမ်းမည်

**ဝါရှင်တန် မေ ၂**

ဂျာမနီနိုင်ငံ၌ တပ်စွဲထားသော အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀ ခန့်ကို ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ပီဟက်ဆက်သ်က တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် အမိန့်ပေးခဲ့ကြောင်း ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူ ရှောင်ပါနဲလ်က မေ ၁ ရက်တွင် NHK သတင်းဌာနသို့ ပြောကြားသည်။

ဒေသဆိုင်ရာအခြေအနေများ အပါအဝင် အကြောင်းရင်းများစွာကို အခြေခံကာ ဥရောပတွင် ထားရှိသော တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ချထားမှုအပေါ် အသေးစိတ်ပြန်လည်သုံးသပ်ပြီးနောက် ယခုဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ရှောင်ပါနဲလ်က ဆိုသည်။

ထို့ပြင် တပ်ဖွဲ့ဝင်များရုပ်သိမ်းမှုကို လာမည့်ခြောက်လမှ တစ်နှစ်အတွင်း အပြီးသတ်ဆောင်ရွက်သွားဖွယ် ရှိကြောင်းလည်း ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ဂျာမနီနိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၅၀၀၀ ခန့် တပ်စွဲထားပြီး ယခုရုပ်သိမ်းမှုကြောင့် ဂျာမနီ၌ အမေရိကန်တပ်ဖွဲ့ဝင် ၁၄ ရာခိုင်နှုန်းအထိ လျော့နည်းသွားမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

■

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီး(အနောက်ခြမ်း) ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူလယ်သမားဘဝဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး မေ ၂**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့က တိုင်းဒေသကြီး (အနောက်ခြမ်း) ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ အုတ်ဖိုမြို့ မိုးညိုတန်းရပ်ကွက်ရှိ ဦးလွင်ဆန်းမြင့်၏ DEKO အမှတ်တံဆိပ် အဆင့်မြင့်ဘိုကာရှီ သဘာဝမြေဩဇာထောင့် ထုတ်လုပ်သည့် အလုပ်ရုံကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သီးနှံအမျိုးအစားအလိုက် ခွဲခြားထုတ်လုပ်နိုင်ရေး၊ သဘာဝမြေဩဇာအား အချိန်ကိုက် အချိုးညီသုံးစွဲနိုင်စေရေး၊ ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ရေးအတွက် ကုန်ကြမ်းပစ္စည်းများ လွယ်ကူစွာဝယ်ယူရရှိစေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မင်းလှမြို့နယ် ရွှေဝါမြိုင်နည်းပညာပြန့်ပွားရေးစင်တာ၌ ရိုဘက်စတာကော်ဖီ အပင် ၅၀၀၀၀ ပျိုးထောင်ထားရှိမှုကိုကြည့်ရှုပြီး ပျိုးပင်များအားလုံး လာမည့်မိုးရာသီအမီ အကုန်ဖြန့်ဝေပေးသွားရန်၊ ရှင်သန်အောင်လည်း ပြုစုစောင့်ရှောက်



ပေးရန်နှင့် ကော်ဖီပျိုးပင်များ ဖြန့်ဝေပေးရာတွင် စိုက်ပျိုးနည်းစနစ်နှင့် ဈေးကွက်ရရှိမှုကို တစ်ပါတည်းရှင်းလင်းပြောကြားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မင်းလှမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း၌ လူဝင်ကြီးမှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် ကျောင်းသားကျောင်းသူများနှင့် ပြည်သူများအား နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်၊ Unique Identification Number နှင့် Biometric အချက်အလက် ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာများမှကြားကာ ဆရာ ဆရာမများအတွက် သီးခြားချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ကျွဲသတ်ကျေးရွာအုပ်စု၌ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းဖြင့် တောင်သူကိုယ်တိုင် သဘာဝရွက်ဖျန်းမြေဩဇာပြုလုပ်၍ စိုက်ပျိုးထားရှိသည့် စပါးမျိုးအောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် သာယာဝတီမြို့ ကျောင်းစုရပ်ကွက်၌ အထည်ချုပ်စက်ရုံများမှ မလိုအပ်တော့သည့် အထည်များအားအသုံးပြု၍ ခေါင်းအုံးနှင့် အိတ်အမျိုးမျိုးထုတ်လုပ်ရောင်းချနေသည့် "ထက်" မိသားစုအိတ်ချုပ်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး MSMEs လုပ်ငန်းတစ်ခုဖြစ်၍ Recycle လုပ်ငန်းဖြစ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျှော့ချသည့် လုပ်ငန်းဖြစ်ခြင်း၊ မိသားစုဝင်ငွေတိုးတက်စေခြင်းတို့ကြောင့် ပိုမိုဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် ချေးငွေရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ချင်းပြည်နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများက နိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကွင်းဆင်းဆေးကုသပေး

**ဟားခါး မေ ၂**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ချင်းပြည်နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဟားခါးပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက နိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်းကို ယနေ့နံနက် ၉ နာရီက ဟားခါးခရိုင် စုပေါင်းရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆေးကုသပေးမှုကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသူများအား အာဟာရဖြည့်အစားအစာများ ပေးအပ်ကြသည်။ ယနေ့တွင် ဟားခါးပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက နိုင်ငံ့ဝန်ထမ်း ၂၂၂ ဦးအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန် မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ် ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမို ခံစားရစေနိုင်ပြီးဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင် လေထွက်ကောင်းသောနေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဆင်းရဲခြင်းမှ လွတ်ကင်းစေလိုလျှင် ...

**သန်းဇော်(ဗဟိုစာရင်းအင်းအဖွဲ့)**

❖ **ဆင်းရဲနွမ်းပါးမှုသည် လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုများစွာရှိပြီး ပညာရေးအခွင့်အလမ်း နည်းပါးခြင်း၊ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်ခြင်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခြင်းတို့ ဖြစ်လာစေနိုင်**

❖ **ဆင်းရဲနွမ်းပါးမှုသည် လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသော အရေးကြီးပြဿနာတစ်ရပ်ဖြစ်သောကြောင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချရန်နည်းလမ်းများကို စနစ်တကျချမှတ်ဆောင်ရွက်ရန် လိုအပ်**

❖ **ဆင်းရဲခြင်းမှ လွတ်ကင်းစေလိုလျှင် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးအစီအစဉ်များကို ပေါင်းစပ်ပြီး ထိရောက်စွာ ဆောင်ရွက်ရမည်**

### ဆင်းရဲနွမ်းပါးမှု

ဆင်းရဲနွမ်းပါးမှုဆိုသည်မှာ လူတစ်ဦး သို့မဟုတ် မိသားစုတစ်စုသည် အသက်ရှင်နေထိုင်ရန်လိုအပ်သော အခြေခံလိုအပ်ချက်များကို လုံလောက်စွာ မရရှိနိုင်သည့် အခြေအနေတစ်ရပ်ဖြစ်သည်။ အခြေခံလိုအပ်ချက်များဖြစ်သော အစားအစာ၊ အဝတ်အထည်နှင့် နေထိုင်ရန်အိမ်ရာ၊ ကျန်းမာရေးနှင့် ပညာရေးတို့ မပြည့်စုံသည့်အခါ ဆင်းရဲနွမ်းပါးမှု ဖြစ်ပေါ်လာသည်။

ဆင်းရဲနွမ်းပါးမှုကို အမျိုးအစားခွဲခြားကြည့်လျှင် အဓိကအားဖြင့် အပြည့်အဝဆင်းရဲနွမ်းပါးမှုနှင့် နှိုင်းယှဉ်ဆင်းရဲနွမ်းပါးမှုဟူ၍ နှစ်မျိုးတွေ့ရှိရသည်။ အပြည့်အဝဆင်းရဲနွမ်းပါးမှုမှာ အသက်ရှင်ရန်မဖြစ်မနေလိုအပ်သော အစားအစာနှင့် အခြေခံဝန်ဆောင်မှုများကို မရရှိနိုင်သော အခြေအနေဖြစ်ပြီး နှိုင်းယှဉ်ဆင်းရဲနွမ်းပါးမှုမှာ လူမှုအသိုင်းအဝိုင်းအတွင်း အခြားသူများနှင့်နှိုင်းယှဉ်လျှင် အရင်းအမြစ်နည်းပါးခြင်းကြောင့် ဖြစ်လာသည့် ဆင်းရဲနွမ်းပါးမှုဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှုသည် အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း၊ ပညာရေးနည်းပါးခြင်း၊ စီးပွားရေးမတည်ငြိမ်ခြင်း၊ လူဦးရေများပြားလာခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာပြီး နိုင်ငံရေးမတည်ငြိမ်မှုနှင့် လူမှုရေးမညီမျှမှုများကလည်း ဆင်းရဲနွမ်းပါးမှုကို တိုးပွားစေသည်။

ဆင်းရဲနွမ်းပါးမှုသည် လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုများစွာရှိပြီး ပညာရေးအခွင့်အလမ်း နည်းပါးခြင်း၊ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်ခြင်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းတို့ ဖြစ်လာစေနိုင်သည်။ အလားတူ ပညာရေးအခွင့်အလမ်းနည်းပါးခြင်း၊ ကျန်းမာရေးပြဿနာများဖြစ်ပေါ်ခြင်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းတို့ကြောင့်လည်း ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေနိုင်သည်။

ဆင်းရဲနွမ်းပါးမှုသည် လူတစ်ဦး၏ဘဝ အရည်အသွေးကို ထိခိုက်စေသော အရေးကြီးသည့် လူမှုရေးပြဿနာတစ်ရပ်ဖြစ်သောကြောင့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရန် ကြိုးပမ်းကြရမည် ဖြစ်ပါသည်။

### ဆင်းရဲနွမ်းပါးမှုကို ဘယ်လိုတိုင်းတာသလဲ

ဆင်းရဲနွမ်းပါးမှုကို တိုင်းတာရာတွင် နိုင်ငံများနှင့်အဖွဲ့အစည်းများက သီအိုရီအမျိုးမျိုးနှင့် အချက်အလက်ညွှန်းကိန်းများကို အသုံးပြုကြသည်။

ဝင်ငွေကို အခြေပြု၍ ဖော်ပြခြင်းသည် လူတစ်ဦး၏ နေ့စဉ်ဝင်ငွေ သို့မဟုတ် သုံးစွဲနိုင်စွမ်းကို အခြေခံပြီး ဆင်းရဲနွမ်းပါးမှုမျဉ်း (Poverty Line) ကို သတ်မှတ်ပြီး ထိုမျဉ်းအောက်ရှိသူများကို ဆင်းရဲသူအဖြစ် သတ်မှတ်သည်။ ဥပမာ - နိုင်ငံတကာအဆင့်တွင် တစ်နေ့လျှင် ၂ ဒသမ ၁၅ ဒေါ်လာ (သတ်မှတ်တန်ဖိုး) ထက်နည်းသော ဝင်ငွေရှိသူများကို ဆင်းရဲနွမ်းပါးသူဟုသတ်မှတ်ခြင်း ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှုကို ဘက်ပေါင်းစုံဆင်းရဲနွမ်းပါးမှု အညွှန်းကိန်း (Multidimensional Poverty Index-MPI) ဖြင့်လည်း ဖော်ပြကြသည်။ ဝင်ငွေဖြင့်သာမက လူနေမှုအရည်အသွေးများဖြစ်သည့် ပညာရေး (ကျောင်းတက်ရောက်မှု)၊ ကျန်းမာရေး (အာဟာရ၊ အသက်ရှည်မှု)၊ နေထိုင်မှုအခြေအနေ (လျှပ်စစ်၊ သန့်ရှင်းရေး၊ ရေသန့်)များကိုပါ ထည့်သွင်းတွက်ချက်ခြင်းဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှုကို လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း (Human Development Index-HDI) ဖြင့်လည်း ဖော်ပြကြသည်။ အသက်ရှည်မှု၊ ပညာရေးနှင့် ဝင်ငွေတို့ကို ပေါင်းစပ်ကာ တိုင်းတာတွက်ချက်ခြင်းဖြစ်ပါသည်။

### ဆင်းရဲနွမ်းပါးမှုကို တိုင်းတာရန် အသုံးပြုသော အချက်အလက်များ

ဆင်းရဲနွမ်းပါးမှုကို တိုင်းတာရာတွင် သီအိုရီများ အသုံးပြုခြင်းသာမက စုဆောင်းထားသော အချက်အလက်များကို အသုံးပြုခြင်းကလည်း အရေးကြီးပါသည် -

**(၁) ဝင်ငွေ**

လူတစ်ဦး သို့မဟုတ် မိသားစုတစ်စု၏ လစဉ်/နှစ်စဉ်ဝင်ငွေသည် ဆင်းရဲမှုမျဉ်းထက်/အောက်တွင် ရှိ/မရှိ စစ်ဆေးရန် အသုံးပြုသည်။ ဥပမာ - တစ်နေ့ဝင်ငွေ ၂ ဒသမ ၁၅ ဒေါ်လာ (ခန့်မှန်း မြန်မာငွေ ၅၀၀၀ - ၆၀၀၀ ဝန်းကျင်)အောက် နည်းသူများကို ဆင်းရဲသူဟု သတ်မှတ်ခြင်းဖြစ်ပါသည်။

**(၂) အသုံးစရိတ်**

အစားအစာ၊ အိမ်ငှားခ၊ သယ်ယူပို့ဆောင်ရေး စသည့် အသုံးစရိတ်များသည် ဘဝအခြေအနေကို ဖော်ပြနိုင်သည့်အတွက် အသုံးစရိတ်ကို အသုံးပြု၍လည်း ဆင်းရဲနွမ်းပါးမှုကို တိုင်းတာကြသည်။

**(၃) ပညာရေး**

စာတတ်မြောက်မှုနှုန်း၊ ကျောင်းတက်ရောက်မှုနှုန်းနှင့် ပညာရေးအဆင့်တို့အပေါ် အခြေခံ၍လည်း ဆင်းရဲနွမ်းပါးမှုကို တိုင်းတာကြသည်။ ပညာတတ်မြောက်မှုနည်းပါးခြင်းသည် ဆင်းရဲနွမ်းပါးမှုကို မြင့်မားစေနိုင်သည်။

**(၄) ကျန်းမာရေး**

မျှော်မှန်းသက်တမ်း၊ ကလေးသေဆုံးမှုနှုန်းနှင့် အာဟာရချို့တဲ့မှုများဖြင့်လည်း ဆင်းရဲနွမ်းပါးမှုကို တိုင်းတာနိုင်သည်။ ကျန်းမာရေးမကောင်းပါက အလုပ်လုပ်နိုင်မှုကျဆင်းပြီး ဝင်ငွေလျော့နည်းခြင်းကြောင့် ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေသည်။

**(၅) နေထိုင်မှုအခြေအနေ**

လျှပ်စစ်အသုံးပြုနိုင်မှု၊ သန့်ရှင်းသောရေရှိမှု၊ သန့်ရှင်းသော မိလ္လာစနစ်နှင့် အိမ်အရည်အသွေးများကိုလည်း Multidimensional Poverty တွက်ချက်ရာတွင် ထည့်သွင်းအသုံးပြုကြပါသည်။

**(၆) အလုပ်အကိုင်**

အလုပ်အကိုင်မရှိပါက ဆင်းရဲနွမ်းပါးမှုကို မြင့်မားစေနိုင်ခြင်းကြောင့် အလုပ်ရှိ/မရှိ၊ လစာအဆင့်နှင့် အလုပ်အကိုင်တည်ငြိမ်မှုအချက်အလက်များကိုလည်း ဆင်းရဲနွမ်းပါးမှုနှုန်းတွက်ချက်ရာတွင် ထည့်သွင်းစဉ်းစားကြပါသည်။

**(၇) လူမှုမညီမျှမှု**

ဝင်ငွေမညီမျှမှုအချက်အလက်ကို အသုံးပြု၍လည်း ဆင်းရဲနွမ်းပါးမှုကို တိုင်းတာကြသည်။ ဝင်ငွေမညီမျှမှုကို Gini Coefficient တွက်ချက်ကြပြီး မညီမျှမှုမြင့်မားလျှင် ဆင်းရဲနွမ်းပါးမှုကို ရှင်းရှင်းလင်းလင်း သိရှိနိုင်သည်။

### ဆင်းရဲနွမ်းပါးမှု ဘာကြောင့်ဖြစ်လာသလဲ

ဆင်းရဲနွမ်းပါးမှုသည် အကြောင်းရင်းတစ်ခုတည်းကြောင့်ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ အမျိုးမျိုးသော အကြောင်းရင်းများ ပေါင်းစပ်ပြီး ဖြစ်ပေါ်လာသည်။

အလုပ်အကိုင်မရှိခြင်း သို့မဟုတ် အလုပ်အကိုင်မတည်ငြိမ်ခြင်းသည် ဆင်းရဲမှုဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ အလုပ်အကိုင်မရှိလျှင် ဝင်ငွေမရရှိနိုင်သဖြင့် အခြေခံလိုအပ်ချက်များကို လုံလောက်စွာဖြည့်ဆည်းနိုင်မှုမရှိရာမှ ဆင်းရဲနွမ်းပါးမှု ဖြစ်လာရသည်။

ပညာရေးနည်းပါးခြင်း သို့မဟုတ် ပညာရေးကောင်းစွာမရရှိသောသူများသည် အရည်အသွေးမြင့်အလုပ်အကိုင်များ မရရှိနိုင်ဘဲ ဝင်ငွေနည်းပါးခြင်းကြောင့် ဆင်းရဲနွမ်းပါးမှု ဖြစ်လာရသည်။

စီးပွားရေးမတည်ငြိမ်မှု (ဥပမာ - ဈေးနှုန်းမတည်ငြိမ်ခြင်း၊ အလုပ်အကိုင်မတည်ငြိမ်ခြင်း)သည်လည်း လူများကို ဆင်းရဲနွမ်းပါးမှုသို့ တွန်းပို့နေသည်။

လူဦးရေများပြားလာခြင်းကြောင့်လည်း အရင်းအမြစ်များကို လုံလောက်စွာခွဲဝေပေးရန် ခက်ခဲလာပြီး ဆင်းရဲမှုပိုမိုတိုးပွားလာနိုင်သည်။

သဘာဝဘေးအန္တရာယ်များဖြစ်သည့် မိုးကြီးရေကြီးခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးခေါင်ခြင်း စသည်တို့ကြောင့် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပျက်စီးသွားနိုင်ပြီး ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေနိုင်သည်။

နိုင်ငံရေးမတည်ငြိမ်မှုနှင့် မညီမျှမှုများကြောင့်လည်း အရင်းအမြစ်များကိုမျှတစွာ ခွဲဝေရန်ခက်ခဲခြင်းနှင့် အကျင့်ပျက်ခြစားမှုများကြောင့် ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေသည်။

ကျန်းမာရေးပြဿနာများ (ရောဂါ၊ မသန်စွမ်းမှု) ကြောင့် လူများအလုပ်လုပ်နိုင်မှု လျော့နည်းသွားပြီး ဝင်ငွေကျဆင်းလာခြင်းမှ ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေသည်။

ဆင်းရဲနွမ်းပါးမှုသည် အလုပ်အကိုင်၊ ပညာရေး၊ စီးပွားရေး၊ သဘာဝဘေးနှင့် လူမှုရေးအချက်များ ပေါင်းစပ်ဖြစ်ပေါ်လာသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။

### ဆင်းရဲနွမ်းပါးမှုလျှော့ချရေး နည်းလမ်းများ

ဆင်းရဲနွမ်းပါးမှုသည် လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသော အရေးကြီး ပြဿနာတစ်ရပ်ဖြစ်သောကြောင့် ဆင်းရဲနွမ်းပါးမှုကိုလျှော့ချရန် နည်းလမ်းများကို စနစ်တကျချမှတ်ဆောင်ရွက်ရန် လိုအပ်သည်။

ပထမဦးစွာ **ပညာရေးတိုးတက်စေရေးသည်** အရေးကြီးဆုံး နည်းလမ်းတစ်ခုဖြစ်သည်။ လူများအား အရည်အသွေးမြင့်ပညာရေး ရရှိစေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပြီး ဝင်ငွေတိုးတက်လာစေမည်။

**အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း**သည်လည်း အရေးပါသည်။ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးကူညီခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ (SMEs) ကို ထောက်ပံ့ခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းတို့သည် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်။

ကျန်းမာရေးဝန်ဆောင်မှုများ တိုးတက်စေရေးလည်း မဖြစ်မနေလိုအပ်သည်။ ကျန်းမာရေးကောင်းမွန်မှသာ လူများသည် အလုပ်လုပ်နိုင်ပြီး ဝင်ငွေရှာဖွေနိုင်မည်။ ထို့ကြောင့် အခြေခံကျန်းမာရေးဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီစေရန် ဆောင်ရွက်သင့်သည်။

ထို့အပြင် လူမှုကာကွယ်ရေးအစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်သင့်သည်။ ဥပမာအားဖြင့် ငွေကြေးထောက်ပံ့မှုများ၊ အစားအစာအကူအညီများနှင့် အခြေခံဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းတို့ဖြင့် ဆင်းရဲသူများ၏ဘဝကို တည်ငြိမ်စေနိုင်မည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးကိုလည်း အားပေးရမည်ဖြစ်သည်။ ကျေးလက်ဒေသများတွင်နေထိုင်သူများအတွက် နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက်အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းဖြင့် ဝင်ငွေတိုးတက်စေပြီး ဆင်းရဲနွမ်းပါးမှုလျော့နည်းစေနိုင်မည်။

**ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် မညီမျှမှု လျှော့ချရေးသည်လည်း အရေးပါသည်။ ဥပဒေစိုးမိုးရေးကောင်းမွန်ခြင်း၊ အကျင့်ပျက်ခြစားမှု လျှော့ချခြင်းနှင့် အရင်းအမြစ်များကို** မျှတစွာခွဲဝေခြင်းတို့ဖြင့် မျှတမှုကိုတိုးတက်စေပြီး ဆင်းရဲနွမ်းပါး မှုလျှော့ချနိုင်မည်။

### ဆင်းရဲခြင်းမှ လွတ်ကင်းစေလိုလျှင်

ဆင်းရဲခြင်းမှ လွတ်ကင်းစေလိုလျှင် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးအစီအစဉ်များကိုပေါင်းစပ်ပြီး ထိရောက်စွာ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

> **“ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် မညီမျှမှု လျှော့ချရေးသည်လည်း အရေးပါသည်။ ဥပဒေစိုးမိုးရေး ကောင်းမွန်ခြင်း၊ အကျင့်ပျက်ခြစားမှု လျှော့ချခြင်းနှင့် အရင်းအမြစ်များကို မျှတစွာခွဲဝေခြင်းတို့ဖြင့် မျှတမှု ကို တိုးတက်စေပြီး ဆင်းရဲနွမ်းပါး မှု လျှော့ချနိုင်မည် ”**

**References;**

United Nations Development Programme (2020). Human Development Report

World Bank (2023). Poverty and Inequality Platform

## ထေရဝါဒဓမ္မစင်တာ (မအူပင်)၌ ပရိယတ္တိဓမ္မနှင့် ပါဠိဘာသာဂုဏ်ပူဇာ မင်္ဂလာသဘင်အခမ်းအနားကျင်းပ

**မအူပင် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ ထေရဝါဒဓမ္မစင်တာ(မအူပင်)၌ ပရိယတ္တိဓမ္မနှင့် ပါဠိဘာသာဂုဏ်ပူဇာ မင်္ဂလာသဘင်အခမ်းအနားကို မေ ၃၀ ရက်က အမှတ် (၃)ရပ်ကွက် ဘုရားလမ်းရှိ ထေရဝါဒဓမ္မစင်တာ(မအူပင်)ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး



ဇောတိကာရုံကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ခဲ့ကြသည်။ ထို့နောက် ထေရဝါဒဓမ္မစင်တာ ပညာဒါနသင်တန်းကျောင်း(မအူပင်မြို့) ပညာဘူမိတက္ကသိုလ် ဧရာဝတီစာဖြေဌာန – ၃ မှ သာမဏေကျော် အလင်္ကာရဘွဲ့အား ပါဠိဘာသာဖြင့် အောင်မြင်တော်မူသော သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီး ဆရာလေးများအား ပါဠိနေပုညဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကိုလည်းကောင်း၊ သာသနဓဇ သိရိပီဝရဓမ္မာစရိယနှင့် သာသနဓဇဓမ္မာစရိယဘွဲ့ရ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီး ဆရာလေးများအား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့်လည်းကောင်း ဓမ္မစင်တာဥက္ကဋ္ဌ ဒေါက်တာထက်ခေါင်နှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ပါဠိပုဏ္ဏမီမဂ္ဂဇင်း၏ ပါဠိစာဆိုရှင်များနှင့် ဓမ္မစင်တာ(မအူပင်) နာယကဆရာကြီးများအား ဓမ္မစင်တာဥက္ကဋ္ဌ ဒေါက်တာထက်ခေါင်က ဂုဏ်ပြုပစ္စည်းများဖြင့် ဂါရဝပြုပြီး သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ထားဝယ်မြို့၌ ရက်(၁၀၀)စီမံကိန်းအဖြစ် တိရစ္ဆာန်အစာအာဟာရဗေဒသင်တန်းဖွင့်

**ထားဝယ် မေ ၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သပြေချောင်းကျေးရွာ၌ ရက်(၁၀၀)စီမံကိန်းအဖြစ် တိရစ္ဆာန် အစားအစာနှင့်ပတ်သက်၍ ပြည်တွင်းရှိ ကုန်ကြမ်းများနှင့် ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် တိရစ္ဆာန် အစာအာဟာရဗေဒသင်တန်းကို မေ ၂၇ ရက်မှ ၂၉ရက်အထိဖွင့်လှစ်သည်။



သင်တန်းတွင် ထားဝယ်မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသိန်းဇော်မင်းက မြို့နယ်အတွင်း စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများဖြစ်သည့် ဆန်ကွဲ၊ ဖွဲနု၊ နှမ်းဖတ်၊ ပြောင်းစသည်တို့ အလေအလွင့်မဖြစ်စေဘဲ မွေးမြူရေးတိရစ္ဆာန်များအတွက် အစာအဖြစ် အဓိကအသုံးပြုလျက်ရှိရာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာပါက မွေးမြူရေးလုပ်ငန်းများအတွက် အစာပိုမိုရရှိလာနိုင်ကြောင်း၊ စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် မွေးမြူရေး ထွက်ကုန်များဖြစ်သည့် အသား၊ နို့နှင့် ကြက်ဥများ ရရှိနိုင်မည်ဖြစ်၍ လူတို့အတွက် လိုအပ်သော အာဟာရဓာတ်၏ အခြေခံဖြစ်သည့် ပရိုတင်းကို ထုတ်လုပ်ပေးနိုင်မည့် အသားတိုးဝက်နှင့် အသားတိုးကြက်မွေးမြူရေးကို ပိုမိုတိုးချဲ့မွေးမြူသွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် တာဝန်ရှိသူများက သင်တန်းသား ၂၅ ဦးအား စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများဖြစ်သော ဆန်ကွဲ၊ ဖွဲနု၊ ပြောင်းနှမ်းဖတ်များအား တိရစ္ဆာန်အစာအဖြစ် ရောစပ်ကျွေးမွေးနိုင်ရေးအတွက် အာဟာရဗေဒသင်တန်းကို သင်ကြားပေးခဲ့သည်။

**ငွေဇင်ယော်(ထားဝယ်)**

## မုဒုံမြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် ပန်းတိုင်သီးနှံများ စိုက်ပျိုးနိုင်မှု စစ်တမ်းကောက်ယူ

**မုဒုံ မေ ၂**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅ – ၂၀၂၆ ခုနှစ် ပန်းတိုင်သီးနှံများ စိုက်ပျိုးနိုင်မှု အခြေပြုစစ်တမ်းကောက်ယူမှုကို ယနေ့နံနက် ၁၀ နာရီက ဘဲရမ်းကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က ကြီးကြပ်၍ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထားသည့်သီးနှံများ မြေပြင်တွင် အမှန်တကယ်စိုက်ပျိုးထားရှိမှု အခြေအနေမှန်ကို သိရှိအောင်ဆောင်ရွက်ခြင်း၊ ၂၀၂၆ –၂၀၂၇ ခုနှစ်တွင် ပန်းတိုင်သီးနှံများ၏ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်



ပေးခြင်းဖြစ်သည်။

အဆိုပါ အခြေပြုစစ်တမ်းကောက်ယူမှုကို မြို့နယ်အတွင်းရှိ ကျေးရွာ ၂၁ ရွာမှလယ်ကွက်များ၊ မိုးရာသီစိုက်ပျိုးသည့်သီးနှံများ၊ နွေစပါးနှင့် ဆောင်းရာသီစိုက်ပျိုးသည့် သီးနှံများကို စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်း မိုးရာသီစိုက်ပျိုးချိန်မီ ကြိုတင်ပြင်ဆင်



**ညောင်တုန်း မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်း၏ မိုးရာသီစိုက်ပျိုးချိန်အမီ ကြိုတင်ပြင်ဆင်ထားမှုများကို မေ ၃၀ ရက်တွင် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများက ညောင်တုန်းမြို့နယ်ရှိ ရွှေညောင်တုန်း လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းပိုင်ရိတ်ခြွေစက်၊ ထွန်စက်များကို မိုးရာသီအချိန်မီ အသင်းသားတောင်သူများ ထွန်ယက်စိုက်ပျိုးနိုင်စေရန် ပြင်ဆင်ထားမှုများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဆိုင်းဘုတ်တင်ခြင်းနှင့် ကျော်လေးဆူသမိုင်းဝင် ရွှေယင်မျှော်စေတီအား ရေသပ္ပာယ်ပြီး သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို သာစည်မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ပူးပေါင်းအဖွဲ့က မေ ၁ ရက် နံနက်ပိုင်းတွင် ပြုလုပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



ဖြူးမြို့နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းဟိန်းလင်းဦးဆောင်သည့် သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များက သီရိမင်္ဂလာရွှေကျင်တောင် ပရိယတ္တိစာသင်တိုက်အတွင်းရှိ ကယ်မစေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓဓမ္မဗိမာန်တော်အတွင်းရှိ ရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ဘုရားရင်ပြင်တော်အား သန့်ရှင်းရေးပြုလုပ်ခြင်းများဖြင့် ကုသိုလ်ကောင်းမှုများ ဆောင်ရွက်ကြစဉ်။ နေမျိုးလွင်(ပြန်/ဆက်)



နှစ်( ၈၀ )ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင် ထန်းတပင်မြို့နယ် အောင်သုခရပ်ကွက် အေးသုခစေတီပရိဝုဏ်အတွင်း၌ မေ ၃၀ ရက်က ဘုရားရေသပ္ပာယ်ခြင်း၊ ညောင်ရေသွန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့သောင်းမြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဆိုင်းဘုတ်စိုက်ထူခြင်းကို ခရိုင်မီးသတ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသူရဝင်းနှင့်တပ်ဖွဲ့ဝင်များက မေ ၁ ရက်တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## နေပြည်တော်မြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်(၂၀၂၆)အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂**

ရေဝတီတိုင်းဒေသကြီး ဇနပြု မြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်(၂၀၂၆) အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၃၀ ရက်က အမှတ်(၁၀)ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်က ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းဖြင့် အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး ပြည်သူလူထုအားလုံး ကာကွယ်ဆေးဖြင့် ကာကွယ်၍ ရသောရောဂါများကြောင့် ဖြစ်ပွားသေဆုံးမှုမှ တားဆီးပေးနိုင်ကြောင်း၊ နှစ်စဉ် ကလေးငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသည့် ရောဂါများအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းဖြင့် ကာကွယ်ဟန့်တားနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား Documentary Story နှင့် တေးသီချင်းဗီဒီယိုများကို ဖွင့်လှစ်ပြသခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးငယ်များ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ပုလောမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)စိုက်ပျိုးပွဲ ကျင်းပ

**ပုလော မေ ၂**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိစေရန် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံ



လျှော်) စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ပုလောမြို့နယ် မကျည်းကုန်း ကျေးရွာ တောင်သူ ဒေါ်မြထွေး လယ်မြေ၌ ဆောင်ရွက်သည်။

ယင်းသစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)စိုက်ပျိုးပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသော်ဇင်ထွန်းနှင့် တာဝန်ရှိသူများက တောင်သူလယ်သမားများကို ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ပြီး တောင်သူလယ်သမားများနှင့်အတူ မိုးစပါးစိုက်မည့် လယ်မြေများတွင် မျိုးစေ့ချ စိုက်ပျိုးပေးသည်။

အဆိုပါ သစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်းက မြေဆီလွှာဖွဲ့စည်းပုံ ကောင်းမွန်၍ နိုက်ထရိုဂျင် ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချနိုင်ကြောင်း၊ (ပိုက်ဆံလျှော်) မျိုးစေ့ချစိုက်ပျိုးပြီး အပင်အသက် ၄၅ ရက်၊ ပန်းပွင့်ချိန်တွင် ထယ်ထိုးမြှုပ်ရမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက တောင်သူများအား အသိပညာပေးဆွေးနွေးခဲ့သည်။

**ပုလော(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့်UID ကတ်ထုတ်ပေး

**ထန်းတပင် မေ ၂**

ပဲခူးတိုင်းဒေသကြီး ထန်းတပင် မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် UID ကတ် ထုတ်ပေးခြင်းကို ယမန်နေ့က နတ်ရွာကျေးရွာအုပ်စု အတွင်းရှိ ပြည်သူများအား မြို့နယ် သီရိမင်္ဂလာခန်းမ၌ နေ့ချင်းပြီး ဆောင်ရွက်ပေးသည်။



ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဦးစီးမှူး ဦးသက်မြင့်ဦးက နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ရခြင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီမှူးနှင့်ဝန်ထမ်းများက ကျေးရွာအုပ်စုအတွင်းရှိ အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား လိုအပ်သော စာရွက်စာတမ်း အထောက်အထားများဖြင့် နိုင်ငံသား စိစစ်ရေးကတ်များအား နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းနှင့် UID ကတ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ တောင်သူဒူးရင်းစိုက်ပျိုးနည်း အသိပညာပေးဆွေးနွေး

**ပေါင် မေ ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ တောင်သူဒူးရင်းစိုက်ပျိုးနည်းပညာ ပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နတ်ကြီးချောင်ကျေးရွာ၌ပြုလုပ်



ရာ ဒေါက်တာ မောင်မောင်မြင့် (ဒုတိယပါမောက္ခချုပ် (ငြိမ်း) ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်)၊ ဒေါက်တာမာမာကြူ (ပါမောက္ခ (ငြိမ်း) ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်)၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမိုးအောင်၊ ဒုတိယပြည်နယ် ဦးစီးမှူးများ ဖြစ်ကြသည့် ဦးမျိုးမင်းထွန်းနှင့် ဦးဆန်းထွန်းဝင်း၊ ခရိုင်ဦးစီးမှူး ဦးညီညီထွန်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်စွာလှိုင်နှင့် ဝန်ထမ်းများ၊ ဒူးရင်းစိုက်တောင်သူ ၂၁ ဦးတို့ တက်ရောက်ကြသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ဒေါက်တာမောင်မောင်မြင့်(ဒုတိယ ပါမောက္ခချုပ်(ငြိမ်း) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)က ဖိုင်သော့ အမြစ်၊ ပင်စည်နှင့် အသီးပုပ်၊ ဖျူစေရီယမ် ကိုင်းဖျားခြောက်၊ အမြစ်ပုပ်နှင့် အခြားဒူးရင်းရောဂါများအား ဘက်စုံကာကွယ်ထိန်းချုပ်ခြင်း အကြောင်းအရာများကိုလည်းကောင်း၊ ဒေါက်တာမာမာကြူ (ပါမောက္ခ(ငြိမ်း) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)က ဇီဝကမ္မဆိုင်ရာ ဒူးရင်းသီးများ ပျက်စီးခြင်း အကြောင်းအရာများကို လည်းကောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**



**မိုင်းဖြတ်မြို့နယ်၌ ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်ပေး**

**မိုင်းဖြတ် မေ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက မိုင်းဟဲအုပ်စု ဘူရှီးကျေးရွာ၌ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဇော်မျိုးဝင်းနှင့် ဝန်ထမ်းများက မိုင်းဟဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၀ ရွာမှ ကျေးရွာနေပြည်သူ ၈၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုအခြေအနေများကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းယီတစ်၊ မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးဝင်းတို့က ကြည့်ရှုအားပေးပြီး လိုအပ်သည့်အခြေအနေများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပုဇွန်တောင်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်ပေး**

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသား စိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့က အမှတ်(၃)ရပ်ကွက် သဟပုညကာရီဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းမြင့် ဦးဆောင်သည့် ဝန်ထမ်းများက ဆောင်ရွက်ပေးသည်။

အဆိုပါကွင်းဆင်းရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စန်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ် (၁) ဦးစည်သူကြည်မြင့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ် (၂) ဦးစိုးမြင့်တို့က ကြည့်ရှုအားပေးပြီး နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူ၍ UID ကတ် ထုတ်ပေးခြင်းများကို သက်ဆိုင်ရာရပ်ကွက် များအလိုက် မြေပြင်ကွင်းဆင်း၍ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဟန်စုယဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# စာပေဗိမာန်စာမူဆုရ စာအုပ်များနှင့် ပခုက္ကူစာပေဆုရစာအုပ်များ ဖြန့်ချိရောင်းချ

## “ကွယ်လေးရဲ့မောင့်ခြုံထည် တန်းသွယ်လို့မိုး” စာအုပ်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု ဝတ္ထုရှည်၊ ဒုတိယဆုရရှိသည့် စာရေးဆရာ ချစ်ညွန့်ကျော်၏ “ကွယ်လေးရဲ့မောင့်ခြုံထည် တန်းသွယ်လို့မိုး” စာအုပ်ကို တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် အဓိကဇာတ်ကောင်ဖြစ်သည့် အောင်ဇော်သည် စာပေကိုမြတ်နိုးလေးစားတန်ဖိုးထားသောအယ်ဒီတာတစ်ဦးဖြစ်သည်။ မဂ္ဂဇင်းတိုက်တစ်တိုက်တွင် အလုပ်လုပ်နေရင်း စာပေ ဂုဏ်သိက္ခာထက် ငွေကြေးအကျိုးအမြတ်ကို အဓိကထားသော ထုတ်ဝေသူ သူဌေးနှင့် အဆင်မပြေဖြစ်ကာ အလုပ်ထွက်ခဲ့ပြီး အငှားယာဉ်တက္ကစီမောင်း၍ မိခင်အိုကြီးကို ပြုစုလုပ်ကျွေးနေသည်။ သူ့နှလုံးသားထဲသို့ မသိမသာတိုးဝင်လာသော မိန်းကလေးနှစ်ဦးမှာ သူ့ကားကို အမြဲငှားစီးသော ကာရာအိုကေမယ် မြစံပယ်နှင့် သူ့အိမ်အနီးအပါးက သူ့မိခင်ကို ဂရုစိုက်သော ခင်ဝေဆိုသည့် မိန်းကလေးတို့ဖြစ်သည်။ နှစ်ဦးစလုံးက သူ့အပေါ် သံယောဇဉ်ငြိတွယ်နေပြီး နှစ်ဦးစလုံးက ကရုဏာ သက်စရာ ဘဝနာကြသူများဖြစ်သည်။ နောက်ဆုံးတွင် သူ့မိခင်လိုလားသော ခင်ဝေကိုသာ ဘဝလက်တွဲဖော်အဖြစ် သူရွေးချယ်ခဲ့ပုံကို ရေးဖွဲ့ထားသည်။

စာရေးသူသည် တက္ကစီသမားတစ်ယောက်နေ့စဉ်ရင်ဆိုင်ဖြတ်သန်းရသော အတွေ့အကြုံ၊ အခက်အခဲနှင့် စိန်ခေါ်မှုများကို အသေးစိတ် ရေးဖွဲ့ထားသည့်အပြင် ဘဝတွင် အခက်အခဲမည်သို့ပင်ရှိပါစေ ဖြတ်လမ်းမလိုက်ဘဲ ဘဝခရီးကို ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်၊ သိက္ခာရှိရှိ လျှောက်လှမ်းသောကြောင့် နောက်ဆုံးရလဒ်သည် စာဖတ်သူ၏စိတ်နှင့် တစ်ထပ်တည်းကျအောင် ရေးဖွဲ့ထားနိုင်သော ဝတ္ထုကောင်းတစ်အုပ်ဖြစ်ပါသည်။

## “ကျောင်းဆရာမလေး ဖြစ်ချင်တယ်နှင့် အခြားဝတ္ထုတိုများ” စာအုပ်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာမ မေလတ်ဟန်၏ “ကျောင်းဆရာမလေး ဖြစ်ချင်တယ်နှင့် အခြားဝတ္ထုတိုများ” စာအုပ်ကို တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် ရှမ်းပြည်နယ်ရှိ မြန်မာစကားမတတ်သော တပည့်ကလေးများထံ သွားရောက် စာသင်ကြားပေးရသော ကျောင်းဆရာမတစ်ဦး၏ ကိုယ်ချင်းစာနာမှုနှင့် ရိုးသားသော တပည့်များအပေါ် ထားရှိသော စေတနာ၊ မေတ္တာတို့ကို ရေးဖွဲ့ထားပုံ၊ ကျူရှင်သင်သော ကျောင်းဆရာမတစ်ဦးနှင့် ကျူရှင်မတက်နိုင်သော ကျောင်းသားတစ်ဦးတို့၏ ဆင်ခြင်နိုင်စရာဖြစ်ရပ်၊ ထိုင်းနိုင်ငံ ICONSIAM ဈေးရောင်းစင်တာရှိ စားသောက်ဆိုင်မှ မြန်မာအမျိုးသမီးလေးတစ်ဦး၏ ဘဝအတွေ့အကြုံ၊ မူးယစ်ဆေး၏သားကောင်ဖြစ်ခဲ့ရသော သားကို တင့်တယ်မြင့်မြတ်သော ဘဝသို့ရောက်အောင်ပို့ဆောင်ပေးခဲ့သောမိခင်တစ်ဦးအကြောင်း၊ ဘဝတွင် ရိုးသားသော်လည်း စာဖတ်နည်းသောသူနှင့် စာဖတ်များသောသူ၏ စာရိတ္တမဏ္ဍိုင်တို့ ကွာခြားမှုကို တင်ပြထားပုံနှင့် မိခင်အပေါ် နူးညံ့သော မေတ္တာတရားနှင့် ခွင့်လွှတ်တတ်သောစိတ်စေတနာရှိသူ မိဘမဲ့ ဂေဟာတစ်ခုမှ မိန်းကလေးတစ်ဦး၏အကြောင်း စသည်ဖြင့် လောကဇာတ်ခုံပေါ်မှ လူ့စရိုက်အဖုံဖုံကို ရေးဖွဲ့ခြယ်မှုန်းထားသော ဝတ္ထုတို ၁၅ ပုဒ် ပါဝင်သည်။ လောက၏ ပကတိဖြစ်စဉ်များကို တင်ပြပုံရိုးစင်းစွာဖြင့် မြင်သာအောင် မီးမောင်းထိုးပြထားသောကြောင့် ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

## “မြန်မာနိုင်ငံ၏ လူထုပညာရေးကြိုးပမ်းဆောင်ရွက်မှုသမိုင်းကို လေ့လာတင်ပြခြင်း (၁၉၄၈-၂၀၀၂)” စာအုပ်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု သုတေသနစာပေ ပထမဆုရရှိသည့် စာရေးသူ အောင်ကြည်ညွန့် (တက္ကသိုလ်)၏ “မြန်မာနိုင်ငံ၏ လူထုပညာရေးကြိုးပမ်းဆောင်ရွက်မှုသမိုင်းကို လေ့လာတင်ပြခြင်း (၁၉၄၈-၂၀၀၂)” စာအုပ်ကို တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် မြန်မာနိုင်ငံစာတတ်မြောက်ရေးသမိုင်း တစ်နည်းအားဖြင့် မြန်မာနိုင်ငံပညာရေးသမိုင်းကို ရှေးခေတ်မှသည် ယနေ့ခေတ်၊ (၁၉၄၈-၂၀၀၂) ကျော်ကာလအထိ ခေတ်အဆက်ဆက် လူထုနည်းဖြင့် စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုကို သုတေသနပြုကာ စုစည်းဖော်ပြထားသည်။

မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံအရ ဘုန်းတော်ကြီးကျောင်းများသည် ကျေးရွာရှိ ကလေးသူငယ်များကို အခမဲ့စာသင်ပေးခဲ့သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် စာမသင်ခဲ့ရသည့် သက်ကြီးများအတွက် စာတတ်မြောက်ရေးလှုပ်ရှားမှုကို ဖဆပလအစိုးရက (၁၉၄၈-၁၉၅၈)ခုနှစ်အထိ လူထုပညာရေးစီမံကိန်းအပါအဝင် (၁၉၆၄-၁၉၈၈) ခုနှစ်အထိ ဆောင်ရွက်ခဲ့သော စာတတ်မြောက်ရေးစီမံကိန်းကြီးများကို စာရင်းဇယား၊ မြေပုံ၊ ဓာတ်ပုံများနှင့်တကွ ပြည့်စုံစွာ အသေးစိတ်ဖော်ပြထားသည်။ ယူနက်စကိုမှချီးမြှင့်သော မိုဟာမက် ရေဇာပါလာဗီဆုနှင့် နိုမာဆုများရရှိခဲ့ပုံ၊ ပြည်သူနှစ်သန်းကျော် စာတတ်မြောက်သွားကြပုံ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ဒေသခံ ဆရာ ဆရာမ နှစ်သိန်းကျော် လုပ်အားပေးကြပုံ၊ နာမည်ကျော်ကြား လူကြိုက်များခဲ့သော “ဘယ်သူပြိုင်လို့ လှပါတော့နိုင်” ဇာတ်ကားကြီးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပုံတို့ကို စုံစုံလင်လင် ဖော်ပြထားသည်။

စာရေးသူကိုယ်တိုင် အသုံးလုံးစီမံကိန်း၊ ကျောင်းပြင်ပ ပညာရေးစီမံကိန်းတို့တွင် ပညာရေး၊ သုတေသနအရာရှိအဖြစ် နှစ်ပေါင်းများစွာ ပါဝင်ဆောင်ရွက်ခဲ့ရာ ဤသုတေသနကျမ်းသည် စာရေးသူ၏ စာတွေ့ ကိုယ်တွေ့ နှစ်ရပ်ပေါင်းရလဒ်အဖြစ် ထွက်ပေါ်လာသော သမိုင်းဝင်သုတေသနကျမ်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ပညာရေးသမိုင်း၊ ပညာရေးလောကအတွက် အကျိုးပြုနိုင်စွမ်းရှိသည့် ကျမ်းတစ်စောင်ဖြစ်သည်။

## “ပျိုလေးကြိုလှည့်ပွဲ” စာအုပ်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ တတိယဆုရရှိသည့် စာရေးသူ သျှင်မိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်)၏ “ပျိုလေးကြိုလှည့်ပွဲ” စာအုပ်ကို တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယုံကြည်မှုနှင့် ဓလေ့ထုံးစံအရ (၃၇)မင်းနတ်တို့၏ အတ္ထုပ္ပတ္တိကို ဖွဲ့ဆိုထားသော နတ်သီချင်း (နတ်ချင်းများ)နှင့် နတ်ကတော်အက(နတ်အကများ) ပေါ်ပေါက်လာခဲ့သည်။ သီချင်းများသည် မြန်မာ့ရိုးရာသီချင်းများ (Myanmar Folk Songs) ဖြစ်ခဲ့ကြသည်။ နတ်သီချင်းများနှင့် နတ်အကများသည် မြန်မာ့ရုပ်စုံသဘင်မှ မြန်မာ့ဇာတ်သဘင်စင်မြင့်သို့ ရောက်ရှိလာသောအခါ နတ်ကတော်အကနှင့် အပျိုတော်အကဟူ၍ ထပ်မံကွဲပြားသွားပြန်သည်။ နတ်ကတော်အကနှင့် အပျိုတော်အကတို့၏ တေးဂီတ၊ ကကြိုးကကွက်များနှင့် ဝတ်စားဆင်ယင်မှုများသည်လည်း တူသယောင်နှင့် သီးခြားစီ ဖြစ်နေကြသည်။ သို့သော် မြန်မာ့ရိုးရာအကများတွင် အပျော်အက၊ အလှအကနှင့် သရုပ်ဆောင်အကဟူ၍ သုံးမျိုးရှိရာ နတ်အကတွင် ထိုသုံးမျိုးစလုံး ပါဝင်နေသည့်အပြင် ဌာန်၊ ဟန်၊ မာန်ဟူသော အချက်များနှင့်လည်း ကိုက်ညီနေကြကြောင်းကို ကျမ်းကိုးအထောက်အထားများ၊ ပညာရှင်များထံမှ တွေ့ဆုံမေးမြန်းချက်များဖြင့် ခိုင်မာပြည့်စုံစွာ ရေးသားထားသည်။ ထို့ပြင် နတ်သီချင်း၊ နတ်အကများကို ပိုမိုပြီး သိသာပေါ်လွင် မှတ်သားချင်စဖွယ်ကောင်းအောင် ကပြနေကြပုံ စုံလင်စွာဖြင့် သုတရသပါစွာ ရေးဖွဲ့ထားသည်။

## “အရုဏ်ဦးမှာ ကြည်နူးစွာနှင့် အခြားဝတ္ထုတိုများ” စာအုပ်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာမ သက်ဦးခင်၏ **“အရုဏ်ဦးမှာ ကြည်နူးစွာနှင့် အခြားဝတ္ထုတိုများ”** စာအုပ်ကို တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် အရုဏ်ဦးမှာ ကြည်နူးစွာ၊ ဂျက်ကလိန်ဂျောင်း၊ ဖိနပ်ကလေးနီနီ၊ ဆီသည်မလေး၊ တုံ့ပြန်မေတ္တာ၊ မျှော်လေယောင် ညိုပြာရီမှောင်၊ သူ့သစ္စာ၊ စံပယ်တွေ ရွှေတွေ ငွေတွေ၊ ဝမ်းနည်းဝမ်းသာ မမေ့နိုင်ပါ၊ ဩော် ဒီလိုကိုး၊ တစ်ခေတ်တစ်ခါ ဂုဏ်ယူစရာ၊ မြေချစ်သူ၊ မောင်ကြီးမေတ္တာ၊ အသားကြီးသူ၊ တောင်ကြီးတွေက အုံ့မှိုင်းရီ စသည့် ဝတ္ထုတို ၁၅ ပုဒ် ပါဝင်သည်။ ဇာတ်လမ်းပါအကြောင်းအရာများသည် သိမ်မွေ့ရိုးစင်းသော်လည်း ဦးတည်ရည်ရွယ်ချက် ကောင်းမွန်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

## “ကျွန်တော်တို့သားအမိ” စာအုပ်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ဝတ္ထုရှည် တတိယဆုရရှိသည့် စာရေးဆရာ မောင်စိုးထိုက် (သုံးဆယ်) ၏ “ကျွန်တော်တို့သားအမိ” စာအုပ်ကို တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် အဓိကအားဖြင့် စာရေးသူနှင့် သူ့မိခင်တို့အကြား ထားရှိသော တုန့်ငင်းမဲ့မေတ္တာတရားကို လေးလေးနက်နက် ဖော်ကျူးထားသည့်အပြင် သားအမိနှစ်ဦးစလုံး လောကခံ၏ အထုအထောင်းကို မလျှော့သောလုံ့လနှင့် ကြံ့ကြံ့ခံရင်ဆိုင်ပုံ၊ ဘဝ၏ အနိမ့်အမြင့် အတက်အကျနှင့် အခက်အခဲမှန်သမျှကို သတ္တိရှိရှိကျော်လွှားပုံ၊ မိခင်ကြီး၏ ပြတ်သားမာကျောသော စိတ်ဓာတ်နှင့် သားဖြစ်သူ၏ မိခင်အပေါ် ရှိသေကိုင်းရှိုင်းအလေးအမြတ်ထားပုံ အရေးအဖွဲ့များက ပီပြင်ထိမိလှသည်။ စာရေးသူငယ်ဘဝက ကြုံဆုံခဲ့သော ကြည်ကြည်ဆိုသည့် မိန်းကလေး၏ ရုပ်ပုံလွှာနှင့် သူ၏အဖြူရောင်သံယောဇဉ်ကလည်း ချစ်ခင်စွဲလမ်း နှစ်ခြိုက်စရာ။ စာရေးသူဖြတ်သန်းခဲ့သော အကြော်သည်၊ ဝါးကုန်သည်၊ သမဝါယမ စာရေး၊ မိုးလေဝသအခြေခံဝန်ထမ်း၊ အိတ်ပိတ်တင်ဒါဆွဲသူ၊ ရုပ်ပြဇာတ်လမ်းရေးဆရာ၊ ရုပ်ရှင်ကန်ထရိုက်တာ စသည့်ဘဝမျိုးစုံ၏ အတွေ့အကြုံအဖုံဖုံကိုလည်း ရင်သပ်ရှုမောဖတ်ရှုရမည်ဖြစ်သည်။ ဝတ္ထုနောက်ခံ ကာလံဒေသံသည် လွန်ခဲ့သောဆယ်စုနှစ်ငါးစု၊ ခြောက်စုက အကြောင်းရပ်များဖြစ်သဖြင့် ထိုခေတ် ထိုအခါက ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး အထွေထွေအရပ်ရပ်ကိုလည်း ဖတ်ခွင့်သိခွင့်ရမည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

## “တောင်အရပ်မှာ ရူပံကြယ်” စာအုပ်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ လူငယ်စာပေ၊ တတိယဆုရရှိသည့် စာရေးဆရာ နှောင်အံ့လူ၏ “တောင်အရပ်မှာ ရူပံကြယ်” စာအုပ်ကို တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် အထည်ချုပ်လုပ်ငန်းကျွမ်းကျင်သော “ကိုပိုင်” အမည်ရှိ လူရွယ်တစ်ယောက်က ပျောက်ဆုံးနေသည့်ညီ မောင်မြင့်ဝေကို ရှာရန် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ရောက်ရှိလာပြီး ထိုင်းလူမျိုးသူဌေးမပိုင်၍ မြန်မာလူငယ်များ အလုပ်လုပ်သော အထည်ချုပ် စက်ရုံငယ်တစ်ခုတွင် ကြီးကြပ်သူအဖြစ် ဝင်ရောက်အလုပ်လုပ်ကိုင်ပုံ၊ မူလက အလုပ်ကို မလေးစားသော၊ သောက်စားမူးယစ် ရန်ဖြစ်တတ်သော မြန်မာအလုပ်သမားများကြောင့် စက်ရုံက အောင်မြင်မှုမရရှိဘဲဖြစ်နေစဉ် ကိုပိုင်ရောက်လာပြီးမှ မြန်မာလူငယ်များကို စည်းရုံး၊ သိမ်းသွင်း၊ ဆုံးမ၊ လမ်းညွှန်၊ ကူညီစောင့်ရှောက်သဖြင့် စည်းကမ်းတကျ အလုပ်ကြိုးစားလာကြပုံ၊ ထိုအခါစက်ရုံသည်လည်း အချိန်တိုအတွင်း အောင်မြင်တိုးတက်လာပြီး ပိုင်ရှင်သူဌေးသာမက အလုပ်သမားများလည်း ဝင်ငွေတိုးကာ ပျော်ရွှင်ကြရပုံ၊ ငွေစုမိသဖြင့် အလုပ်သမားဘဝမှ ကိုယ်ပိုင်လုပ်ငန်းလေးများ ထူထောင်နိုင်ခဲ့ပုံ၊ သောက်စားမူးယစ်ပြီး ဘဝပျက်နေသော မောင်မြင့်ဝေလည်း သူ့ကိုယ်သူပြုပြင်၍ လူကောင်းတစ်ယောက်ပြန်ဖြစ်သွားပုံတို့ကို ရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည်။ ဝတ္ထုဇာတ်အိမ်ကို မဲဆောက်မြို့တွင် အခြေပြုသဖြင့် ထိုင်းလူမျိုးတို့၏ ဓလေ့စရိုက်နှင့် ရိုးရာယဉ်ကျေးမှုပွဲတော်များအကြောင်းကို မြည်းစမ်းသိရှိခွင့်ရပြီး အထည်ချုပ်စက်ရုံတစ်ရုံ၏ လည်ပတ်ပုံကို ဗဟုသုတအဖြစ် ဖတ်ရှုရမည့်အပြင် နိုင်ငံခြားရောက် မြန်မာလူငယ်များကို ဆောင်ရန် ရှောင်ရန်များနှင့်တကွ မြန်မာတို့၏ အမျိုးဂုဏ် ဇာတိဂုဏ်နှင့်ပတ်သက်၍ မနိမ့်ပါးရေး၊ အစော်ကားမခံရရေး လမ်းညွှန်ပညာပေးထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

**အဆိုပါစာအုပ်များကို အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။**

## “ပထမဥပဒေသနှင့် အာရှလူငယ်ဝတ္ထုတိုများ” စာအုပ် ထုတ်ဝေဖြန့်ချိ

စာပေဗိမာန်၊ ဘာသာပြန်ဌာန၊ စာတည်းအဖွဲ့က ဘာသာပြန်ဆိုသော “ပထမဥပဒေသနှင့် အာရှလူငယ်ဝတ္ထုတိုများ” စာအုပ်ကို စာပေဗိမာန်က ထုတ်ဝေလိုက်ပြီး စာအုပ်တွင် စာမျက်နှာ ၁၂၁ မျက်နှာပါဝင်ပြီး တန်ဖိုး ငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် အာရှနှင့် ပစိဖိတ်ဒေသမှ ကလေးငယ်တို့၏ မတူညီသော ယဉ်ကျေးမှု၊ အတွေးအခေါ်အယူအဆနှင့် လူနေမှုပုံစံများကို ရေးသားထားသည့် ဝတ္ထုတို ၇ ပုဒ် ပါဝင်ပါသည်။ အီရန်နိုင်ငံက ရေးသားသည့် “ပထမဥပဒေသ”၊ မြန်မာနိုင်ငံက ရေးသားသည့် “သရဲခြောက်သည့်အိမ်ကြီး”၊ အိန္ဒိယနိုင်ငံက ရေးသားသည့် “လေးခွနှင့်ကောင်လေး”၊ ကိုရီးယားနိုင်ငံက ရေးသားသည့် “ပထမဆုံး ဂုဏ်ပြုဆု”၊ ထိုင်းနိုင်ငံက ရေးသားသည့် “ကြောင်ကို တောထဲသို့ပစ်ခြင်း”၊ ပါပူဝါနယူးဂီနီနိုင်ငံက ရေးသားသည့် “မင်နလူ၏ လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်” နှင့် ပါကစ္စတန်နိုင်ငံက ရေးသားသည့် “ဘဟာဒူအလီ” တို့ ဖြစ်သည်။

စာအုပ်ပါ ဝတ္ထုတိုများသည် ကလေးလူငယ်သဘာဝကို သရုပ်ဖော်ရေးသားထားသဖြင့် ကလေးလူငယ်အရွယ်တွင် တွေ့ကြုံကြရသည့် အပြုအမူ၊ အလေ့အထ၊ မိသားစုနှင့် ပတ်ဝန်းကျင် စသည်တို့ကို သိရှိနိုင်ပြီး ဝတ္ထုတိုရေးသားသည့် အာရှနှင့် ပစိဖိတ်နိုင်ငံများအချင်းချင်း ယဉ်ကျေးမှုနှင့် အလေ့အထများ ဖလှယ်နိုင်ပြီး ချစ်ကြည်ရင်းနှီးမှုများ တိုးပွားနိုင်စေသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

## မြောင်းမြမြို့၌ မြို့ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြောင်းမြ မေ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ပတ်ဝန်းကျင်သန့်ရှင်းစေရေးအတွက် ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့မှ ကြီးကြပ်၍ အဝေးပြေးလမ်းမကြီးတစ်လျှောက် ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်၏ ညွှန်ကြားမှုဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုကိုက ဦးဆောင်စီမံ၍ ဌာနဆိုင်ရာဝန်ထမ်းများက အဝေးပြေးလမ်းတစ်လျှောက် အနီးအနားရှိ အမှိုက်များ ကောက်ယူခြင်း၊ မြက်ပင်၊ ပေါင်းပင်၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းဆယ်ယူရှင်းလင်းခြင်း၊ သစ်ပင်အောက်တက်များ ရှင်းလင်းခြင်း၊ အုပ်မိုးကိုင်းများ ဖြတ်ညှိပုံသွင်းအလင်းဖွင့်ခြင်း၊ သစ်ရွက်ခြောက်ကြွေများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိအမှိုက်များအား အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ဇေယျာ (ပြန်/ဆက်)

## ခရမ်းမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ခရမ်း မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ် (၆)ရပ်ကွက်တွင် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က နေ့ချင်းပြီး ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ရာတွင်နိုင်ငံတော် ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးရာတွင် သိသင့်သိထိုက်သည့် အချက်များနှင့် ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံသားကတ်ကိုင်ဆောင်သူများ လိုက်နာရမည့် စည်းကမ်းချက်များ၊အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားမှု၊ မွေးဖွား / သေဆုံး/ ပြောင်းဝင်/ ပြောင်းထွက်လုပ်ငန်းတို့၏ အရေးပါပုံတို့နှင့်အတူ ပြုလုပ်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်များအား ပြုပြင်ခြင်းနှင့် ပျောက်ဆုံးပျက်စီးမှုများရှိပါက သက်ဆိုင်ရာ ဦးစီးဌာနသို့ဆက်သွယ်ပြုလုပ်နိုင်ကြောင်းနှင့် နိုင်ငံသားကတ်၏ တန်ဖိုးနားလည်စေရန်နှင့် ဌာနမှ biometric လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ရဲနှင့် အဖွဲ့ဝင်များက ကွင်းဆင်း အားပေးကြည့်ရှုခဲ့ကြပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဖြိုးလျှံမြတ် ဦးဆောင်သောအဖွဲ့က နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် ရပ်ကွက်အတွင်းရှိ ပြည်သူတို့အား ကွင်းဆင်းဆောင်ရွက်၍ နိုင်ငံသားစိစစ်ရေးကတ်များကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ ကိုမင်း (ခရမ်း)

## နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှင်ပင်ရွှေတန်ဆာစေတီတော်မြတ်ကြီး ဘုရားရင်ပြင်တော် သန့်ရှင်းရေးဆောင်ရွက်

**စလင်း မေ ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ၂၀၂၆ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် နှစ် (၈၀) ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် ရှေးဟောင်းသမိုင်းဝင် ရှင်ပင်ရွှေတန်ဆာစေတီတော်မြတ်ကြီးတွင် ရေသပ္ပာယ်ခြင်းနှင့် ဘုရားရင်ပြင်တော်ပေါ် သန့်ရှင်းရေးများ ပြုလုပ်ခြင်းကို ယနေ့နံနက် ၈ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဟိန်းဇော်လင်းဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ နှစ် (၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုမြေစိုက်ပိုစတာကို စိုက်ထူခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ ဒုတိယဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် မိသားစုဝင်များက ရွှေတန်ဆာဘုရားစောင်းတန်းလှေကားနှင့် ဘုရားရင်ပြင်တော်ပေါ်ရှိ အမှိုက်များအား တံမြက်လှည်းကုသိုလ်ယူခြင်း၊ ဘုရားစေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ စုပေါင်းရေဖျန်းသန့်ရှင်းခြင်း၊ ချုံနွယ်သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မောင်လွင်(စလင်း)



## လယ်ဝေးမြို့နယ်၌ ကျွဲနွားများအား တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂**

နေပြည်တော် လယ်ဝေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အသားကဏ္ဍစားသုံးမှုဖူလုံစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးကဏ္ဍတိုးတက်လာစေရန် ရက် (၁၀၀) စီမံချက်အနေဖြင့် ဧပြီ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အတွင်း လုပ်ငန်းစဉ်(၅) ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းစဉ်များတွင် ကျွဲ၊ နွားရောဂါကာကွယ်ဆေးများဖြစ်သည့် လည်ချောင်းကွဲရောဂါကာကွယ်ဆေး၊ ထောင့်သန်းရောဂါကာကွယ်ဆေး၊ ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်း၊ နို့စားနွား မေထုန်မဲ့သားစပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများ ပါဝင်သည်။

အဆိုပါလုပ်ငန်းစဉ်များအနက် ကျွဲနွားရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းအား ယနေ့တွင် လယ်ဝေးမြို့နယ်ရှိ ရေအိုးစဉ်ကျေးရွာ၊ သစ်ဆိမ့်ပင်ကျေးရွာ၊ စည်ပိုင်းကျေးရွာတို့တွင် ကျွဲနွားကောင်ရေ ၂၁၄ ကောင်အား ဌာန၏ လုပ်ငန်းကြီးကြပ်မှုအဖွဲ့နှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားအဖွဲ့တို့ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## နောင်ချိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**နောင်ချို မေ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်အရ အသက် (၁၀) နှစ်နှင့် (၁၈) နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်များကို ယမန်နေ့က မျက်ချီးနုကျေးရွာသို့ သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးနေလင်းအေးနှင့် ဝန်ထမ်းများက အသက် (၁၀) နှစ်နှင့်အထက် မှတ်ပုံတင်အသစ် ပြုလုပ်ပေးခြင်း၊ အသက် (၁၈) နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်း ပျက်စီးမှတ်ပုံတင်များအား အသစ်လဲလှယ်ပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူလင်းနှင့်အဖွဲ့ဝင်များ၊ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ခဲ့ကြကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရွှေတောင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်

**ရွှေတောင် မေ ၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးကကြီးမှူး၍ အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် UID နံပတ် ထုတ်ပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ရွှေတောင်မြို့နယ် နွားမယံကျေးရွာအုပ်စု လေးကျွန်းဆီမီးကျေးရွာ ဘုရားကြီးဓမ္မာရုံ၌ ဆောင်ရွက်သည်။

အဆိုပါ ရက် (၁၀၀) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ခရိုင်ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးမျိုးမြင့်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေတောင်မြို့နယ်ဦးစီးမှူး (ဦးစီးအရာရှိ) ဦးကျော်ဝင်းဆွေတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်ဝင်းနှင့် ဦးမျိုးခိုင်တို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)

## မိုးညှင်းမြို့နယ် သာယာကုန်းခေတ်မီစံပြကျေးရွာ၌ ရက်(၁၀၀)စီမံချက်ဖြင့် အခြေခံအပ်ချုပ်စက်ချုပ်သင်တန်းဖွင့်

**မိုးညှင်း မေ ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမ ရက်(၁၀၀) စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက သာယာကုန်းခေတ်မီ စံပြကျေးရွာရှိ အောင်စည်သာယာခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က ကျေးရွာနေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက် သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားကာ သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်/မြို့နယ်မှ သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းသူများအား ပေးအပ်သည်။



အဆိုပါ သင်တန်းကို မေ ၁ ရက်မှ ဇွန် ၁၄ ရက်အထိ တစ်လခွဲကြာ စာတွေ့လက်တွေ့ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အတူ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှိုင်းကိုကိုက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီးနောက် တက်ရောက်လာကြသူများနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းများပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ရွှေမိုးညှင်း**

## မင်းဘူး(စကု)မြို့နယ်၌ ရက် (၁၀၀)အတွင်း ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်စေရန် ဝင်ငွေတိုးစီမံကိန်းဆောင်ရွက်

**မင်းဘူး မေ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ရက်(၁၀၀)အတွင်း ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်စေရန် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများကို မင်းဘူး(စကု)မြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

"သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မင်းဘူးခရိုင်က မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းကို မင်းဘူး(စကု)မြို့နယ် ပိုက်သင်စံပြကျေးရွာမှာ ဧပြီ ၂၉ ရက်က စတင်ပြီး ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိပါတယ်" ဟု ခရိုင်ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက ပြောကြားသည်။



မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းတွင် သင်တန်းသား ၁၅ ဦးဖြင့် ဧပြီ ၂၉ ရက်မှ ဇွန် ၁၇ ရက်အထိ တစ်လခွဲကြာဖွင့်လှစ်၍ ကျွမ်းကျင်တတ်မြောက်စွာဖြင့် ကိုယ်ပိုင်လုပ်ငန်းများထူထောင်နိုင်သည်အထိ စာတွေ့၊ လက်တွေ့ စနစ်ကျလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်း တို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခ တို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကိုလှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧပြီ ၃၀ ရက်က မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ဖြင့် မန္တလေးမြို့ မဟာလောကရံသီ အိမ်တော်ရာစေတီတော်အား ရေသပ္ပာယ်ခြင်းနှင့် ရင်ပြင်တော်သန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်ဆက်)





နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇင်မင်းနှင့် တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ခြင်းကို မေ ၁ ရက်က မြို့ပေါ်ရပ်ကွက်များရှိ လမ်းဆုံ/လမ်းခွများ၌ ဆောင်ရွက်စဉ်။ ခင်ဆွေနှင်း (ပြန်/ဆက်)



နှစ် (၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂ ရက်က ပုဂံမြို့ရှိ လောကနန္ဒာဘုရားကြီးအား ညောင်ဦးခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ရဲဝင်းနိုင် (ညောင်ဦး)



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေတာရှည်မြို့ နတ်ရေတွင်း ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ မေ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကောင်းထက်နိုင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် မေလ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် မေ ၂**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၇ ဒီဂရီ ဖာရင်ဟိုက်မှ ၉၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၈ ဒီဂရီဖာရင်ဟိုက်မှ ၁၀၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၂ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၅၄ ရာခိုင်နှုန်းမှ ၆၃ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၄ ရာခိုင်နှုန်းမှ ၇၃ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၄ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၇ မီလီမီတာမှ ၃၇ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၃၈ မီလီမီတာမှ ၄၈ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၉ မီလီမီတာမှ ၅၉ မီလီမီတာအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၆၀ မီလီမီတာမှ ၇၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ချင်းပြည်နယ်တွင် (စိုစွတ်) အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေအသီးသီးရှိနိုင်သည်။

**မိုး/ဇလ**




**မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၇၃)**

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အိမ်ခြံမြေအကျိုးဆောင်များ၏ တာဝန်ဝတ္တရားများနှင့် သတင်းပို့မှုစနစ်များကို အသိပညာမျှဝေခြင်းနှင့် FATF သင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၂

ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်သော မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) (MRESA) က ကြီးမှူးကျင်းပသည့် AML /CFT ဆိုင်ရာ အိမ်ခြံမြေ အကျိုးဆောင်များ၏ တာဝန်နှင့်ဝတ္တရားများ၊ သတင်းပို့နည်းစနစ်များ၊ သက်ဆိုင်ရာကြီးကြပ်ရေး အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ AML/ CFT ဆိုင်ရာ လိုက်နာမှုများ၊ Multiplier Training " FATF" Global Standards, Methodology and Procedures နှင့်ပတ်သက်၍ ထပ်ဆင့်အသိပညာ မြှင့်တင်ရေး ဆင့်ပွားသင်တန်းကို မေ ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Sky Star ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ MRESA (ဗဟို) အသင်းဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း (YRESA) ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၅၆၁ ဦး၊ အွန်လိုင်းမှ သင်တန်းသား ၆၅၀ တက်ရောက်ကြသည်။

ဦးစွာ MRESA အသင်းဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်းက အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံ (TREBA) အသင်းမှ President Mr.Prawitt Anusiri က ထိုင်းနိုင်ငံ အိမ်ခြံမြေအကျိုးဆောင်များ AML/ CFT ဆိုင်ရာ လိုက်နာကျင့်သုံးမှုများကို အွန်လိုင်းမှ ဗီဒီယိုဆလိုက်များဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဗဟိုဒုတိယဥက္ကဋ္ဌ(၃) ဦးကျော်တင့်က Multiplier Training "FATF" Global Standards, Methodology and Procedure နှင့်ပတ်သက်၍ အတွေ့အကြုံဗဟုသုတများကို ဆွေးနွေးသည်။ ဆက်လက်၍ ရန်ကုန်တိုင်း အိမ်ခြံမြေဝန်ဆောင်မှု အသင်းဥက္ကဋ္ဌ ဒေါ်မြတ်မိုမို က ၂၀၂၀ -၂၀၂၆ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု




အသင်း (ဗဟို) မူလမှ AML/CFT ဆွေးနွေးအကြံပြုချက်များ၊ FIU အဖွဲ့၏ ချမှတ်ထားသောလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ထားသည့် Action plan များနှင့် Progress Report များကို ဆွေးနွေးသည်။

ထို့နောက် မြို့နယ်အိမ်ခြံမြေအသင်းဥက္ကဋ္ဌ (၄) ဦးက CDD, EDD ဆိုင်ရာကိစ္စများ၊ မိမိတို့တာဝန်ယူထားရသော မြို့နယ်အသင်းများ၏ ၃ လပတ် အစီရင်ခံစာများအကြောင်းနှင့် သတင်းပို့နည်းစနစ်များအကြောင်းတို့ကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**DMMM**

## ၂၀၂၆ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထု အရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ | ၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊
( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
( ၉ ) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## တောမီးလောင်ကျွမ်းမှု မရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်–

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊
(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊
(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊
(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊
(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

